ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဌ်မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ စနေနေ့။ Saturday, 7 December 2024 ၁၁၆၆၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

## အသိပညာ၊ အတတ်ပညာများ စဉ်ဆက်မပြတ် ဆည်းပူးလေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရသူများဖြစ်အောင် ကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၆

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညွှန်ပေါင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၉၈၈ ဗိုလ်လောင်း ထက်အာကာအား ဆုပေးအပ်ချီးမြှင့်စဉ်။

ယနေ့ ဖတ်စရာ

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ ဒုတိယနေ့တွေ့ဆုံပွဲ ဆက်လက်ကျင်းပ**

စာမျက်နှာ » ၁၂



**အသိမှသည် လေ့ကျင့်မှု၊ အလေ့အကျင့်မှသည် ယှဉ်ပြိုင်ခြင်းဆီသို့**

ဆောင်းပါး စာမျက်နှာ » ၁၈

ကြေးမုံ

# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဖြင့် နိုင်ငံ့ဂုဏ်ကိုစောင့်ရှောက်မြှင့်တင်

ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်တွင် သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုးပျူရှေးဟောင်း မြို့တော်သုံးမြို့နှင့် ၂၀၁၉ ခုနှစ်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုမြို့တော်တို့ကို ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် တရားဝင်အသိအမှတ်ပြုခံခဲ့ရပြီးဖြစ်သည်။ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပေးပို့ခဲ့ပြီးဖြစ်သည်။

ထို့ပြင် မဟာလောကမာရဇိန် သို့မဟုတ် ကုသိုလ်တော်ကျောက်စာ၊ မြစေတီကျောက်စာအပြင် ရွှေပေလွှာနှင့် ဘုရင့်နောင်မင်းတရားကြီး ခေါင်းလောင်းစာတို့ကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမြောက်အမြားရှိသည့်အနက် မြန်မာနိုင်ငံ၏ ပထမဆုံးဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကိုသို့ ၂၀၂၀ ပြည့်နှစ်ကတည်းက တင်ပြခဲ့သော်လည်း ပြန်လည်ပြည့်စုံအောင် ရေးသွင်းရမည့်အချက်အလက်အချို့ လိုအပ်နေသေးသည့်အတွက် ပြန်လည်တင်ပြရန် ရေးသားလျက်ရှိသည်။

ယခုအခါ "မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်"ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးတရားဝင်အသိအမှတ်ပြုခံခဲ့ရပြီဖြစ်သည်။ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီသို့ ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ပေးပို့တင်သွင်းခဲ့သည်။ မြန်မာနိုင်ငံမှ တင်သွင်းထားသည့် အဆိုပြုစာတွဲကို ပါရာဂွေးနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိကျင်းပသည့် (၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် တရားဝင်အတည်ပြုဆုံးဖြတ်ခဲ့သည်။

ထိုကဲ့သို့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ပါဝင်နိုင်ခြင်းသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းများအပါအဝင် မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက် တည်ထွန်းနေသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံးက မြတ်နိုးတန်ဖိုးထားပြီး အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခဲ့ကြသည့် အကျိုးရလဒ်ဖြစ်သည်။

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် မြန်မာနိုင်ငံသားအားလုံး အပျော်ရွှင်ဆုံး၊ အတက်ကြွဆုံး၊ အမြတ်နိုးဆုံး ထိန်းသိမ်းဆင်နွှဲနေသည့် ပွဲတော်ဖြစ်သည်။ မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်သည်။ မြန်မာတို့၏ နှစ်သစ်ကူးပြောင်းသည့် မင်္ဂလာရှိသော အချိန်အခါသမယတွင် နှစ်ဟောင်းမှအညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ပြီး နှစ်သစ်သို့ မင်္ဂလာရှိစွာကူးပြောင်းကြရာ၌ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ယဉ်ကျေးသိမ်မွေ့စွာ ထုတ်ဖော်ပြသသည့် နိုင်ငံသူနိုင်ငံသားများသာမက နိုင်ငံခြားသားများပါ နှစ်သက်သောပွဲတော်ဖြစ်သည်။

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းအားဖြင့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာကပိုမိုသိရှိလာနိုင်ခြင်း၊ မျိုးဆက်သစ် နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ခြင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ကို ရိုးရာမပျက် ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင်များ ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသောဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေခြင်း အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ ရေရှည်တည်တံ့စေရန်နှင့် တိုးတက်စေရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ယဉ်ကျေးမှုအဆိုပြုစီမံကိန်းများကို တင်သွင်းပြီး ယူနက်စကိုထံမှ အထောက်အပံ့များဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ထိုကဲ့သို့ အမွေအနှစ်စာရင်းဝင်ဖြစ်လာပါက ကမ္ဘာ့အလယ်တွင် မိမိနိုင်ငံ၏ ယဉ်ကျေးမှုဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည်နှင့်အမျှ ကမ္ဘာလှည့်ခရီးသွား ဖွံ့ဖြိုးတိုးတက်လာရေးတွင် ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ မြောက်မြားလှစွာသော အမျိုးသားမှတ်တမ်းအမွေအနှစ်များကို သက်ဆိုင်ရာဌာနများနှင့်အတူ မြန်မာနိုင်ငံသားအားလုံးက ပူးပေါင်းပါဝင်၍ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် နိုင်ငံ၏ဂုဏ်ကို မြှင့်တင်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ အောင်မြင်စွာ ထည့်သွင်းနိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၆

ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့တော်၌ ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အစိုးရချင်းဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ အစည်းအဝေးတွင် မြန်မာနိုင်ငံမှ တင်သွင်းသည့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ အောင်မြင်စွာ ထည့်သွင်းနိုင်ခဲ့သည်။

ယင်းအစည်းအဝေးသို့ ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးဦးကျော်ဇေယျနှင့် မြန်မာကိုယ်စားလှယ်များတက်ရောက်ကြပြီး မြန်မာအမြဲတမ်းကိုယ်စားလှယ်က ကျေးဇူးတင်စကားပြောကြားရာတွင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ထည့်သွင်းနိုင်ခြင်းသည် မြန်မာနိုင်ငံရှိ သက်ဆိုင်သူအားလုံးနှင့် လူမှုအသိုက်အဝန်းအားလုံးတို့က တစိုက်မတ်မတ်အားထုတ်ကြိုးပမ်းမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယခင်နှစ်ပေါင်းများစွာ အစဉ်အဆက် လက်ဆင့်ကမ်းလာခဲ့ကြသည့်နည်းတူ နောင်လာနောက်သားတို့အတွက် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် နောင်နှစ်ပေါင်းထောင်ပေါင်းများစွာ ဆက်လက်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုများ ဆက်လက်လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ အောင်မြင်စွာ ထည့်သွင်းနိုင်ရေးအတွက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီအဖွဲ့ဝင်များ၊ ၂၀၀၃ ခုနှစ် ကွန်ဗင်းရှင်းဆိုင်ရာ အတွင်းရေးမှူးနှင့် အတွင်းရေးမှူးရုံးအဖွဲ့၊ အကြံပေးကော်မတီအဖွဲ့များ၏ ပံ့ပိုးကူညီမှုများကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၆

ယနေ့မွန်းလွဲ ၂ နာရီ ၉ မိနစ် ၂၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက်မိုင် ၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တိုက်ကြီးမြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၇.၃၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆.၁၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃.၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဒီဇင်ဘာ ၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ ဒီဇင်ဘာ ၇ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း (သီရိလင်္ကာကမ်းလွန်-အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၆၈၇ | ၅,၈၃၉,၅၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁,၂၆၈ | ၄,၀၅၇,၆၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၁၅၅ | ၁,၂၇၁,၀၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၂၈၇ | ၅၅၉,၆၅၀ |
| TMH | ၃,၀၅၀ | ၃,၀၅၀ | ၆၃၅ | ၁,၉၃၆,၇၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁,၃၂၇ | ၂,၃၂၂,၂၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၁,၁၄၃ | ၃,၆၅၇,၆၀၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၁၀ | ၃၃,၀၀၀ |


ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်နိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**ရဲဘော်တို့**

ဒီနေ့ဟာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)ရဲ့ သင်တန်းဆင်းတဲ့နေ့ဖြစ်သလို နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားသစ်လောင်းတဲ့နေ့လည်းဖြစ်တာမို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဦးစွာပြောကြားလိုတယ်။

**ရဲဘော်တို့**

**“တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်နှင့် နှလုံးရည်ပြည့်ဝသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်”** ဆိုတဲ့ စစ်တက္ကသိုလ်ရဲ့ ရည်ရွယ်ချက်နဲ့အညီ ရဲဘော်တို့ကို နိုင်ငံတော်နဲ့ တပ်မတော်က အားထားရမယ့် နိုင်ငံ့သားကောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးခဲ့ခြင်းဖြစ်တယ်။ အမိစစ်တက္ကသိုလ်က မွေးထုတ်ပေးခဲ့တဲ့ ရဲဘော်တို့ဟာ နိုင်ငံတော်နဲ့ တပ်မတော်အတွက် ခွန်အားသစ်တွေကို ဖြည့်ဆည်းပေးမယ့် မျိုးဆက်သစ်အရာရှိငယ်များဖြစ်လို့ တာဝန်ကျရာတပ်အသီးသီးကိုရောက်ရှိချိန်မှာ အမိစစ်တက္ကသိုလ်ရဲ့ ဂုဏ်ကို စောင့်ထိန်းပြီး ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားကြရမှာဖြစ်တယ်။ စစ်တက္ကသိုလ်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **“နောင်တစ်ခေတ်၏ အောင်စစ်သည်”**ဆိုတဲ့အတိုင်း ရဲဘော်တို့ဟာ မျိုးဆက်သစ်ခေါင်းဆောင်ငယ်များအနေနဲ့ စစ်မြေပြင်မှာ အောင်ပွဲတွေရရှိအောင် သင်ကြားပေးလိုက်တဲ့ စစ်ပညာ၊ စာပေပညာရပ်တွေကို ထိရောက်စွာအသုံးချကာ သူရသတ္တိနဲ့ တွေးခေါ်မြော်မြင်မှုပေါင်းစပ်ပြီး ကြိုးစားအားထုတ် တာဝန်ထမ်းဆောင်သွားကြဖို့ လိုအပ်တယ်။ နိုင်ငံတော်ကိုကာကွယ်ဖို့ ခိုင်မာတဲ့သန္နိဋ္ဌာန်စိတ်နဲ့ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်ကို ဝင်ရောက်လာခဲ့တဲ့ ရဲဘော်တို့အနေနဲ့ စစ်တက္ကသိုလ်ရဲ့ မွန်မြတ်တဲ့ အစဉ်အလာ၊ ကောင်းမွန်တဲ့ဂုဏ်သတင်းများကို ဆက်လက်စောင့်ထိန်းပြီး စစ်မြေပြင်မှာ မှတ်ကျောက်တင်ခံနိုင်မယ့် စစ်သားကောင်းများဖြစ်အောင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သွားကြပါလို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

တပ်မတော်ရဲ့ တပ်ရင်း/တပ်ဖွဲ့အသီးသီးမှာ ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရတော့မယ့် ရဲဘော်တို့ဟာ မိမိကွပ်ကဲရမယ့် လက်အောက်ငယ်သားတွေကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်ဖို့ လိုအပ်တယ်။ အမိကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ခေါင်းဆောင်မှုပညာရပ်ဟာ အခြေခံသဘောမျှသာ ဖြစ်တဲ့အတွက် လက်တွေ့နယ်ပယ်ကရရှိလာတဲ့ အတွေ့အကြုံဗဟုသုတတွေနဲ့ ပေါင်းစပ်ပြီး ခေါင်းဆောင်ကောင်းတွေဖြစ်အောင် ကြိုးစားကြရမယ်။

ဒ့ါအပြင် မိမိဦးဆောင်တဲ့အဖွဲ့ကို မှန်ကန်တဲ့ခေါင်းဆောင်မှုပေးနိုင်ဖို့ လက်အောက်ငယ်သားများကို ကျောသားရင်သားမခွဲခြားဘဲ ကွပ်ကဲအုပ်ချုပ်နိုင်ရမယ်။ ကိုယ်တိုင်စံနမူနာပြဖြစ်အောင် နေထိုင်ခြင်းဖြင့် လက်အောက်ငယ်သားတွေရဲ့ ရိုသေမှု၊ လေးစားမှု၊ ယုံကြည်ကိုးစားမှုနဲ့ သစ္စာရှိစွာ ပူးပေါင်းဆောင်ရွက်မှုတို့ကိုရယူပြီး ပေးအပ်တဲ့ရည်မှန်းချက်တာဝန်တွေကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ဖို့လိုအပ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ ဒို့တပ်မတော်က ပြဋ္ဌာန်းထားတဲ့ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နဲ့အညီ ပြုမူကျင့်ကြံပြီး စစ်မြေပြင်နှင့် လုပ်ငန်းတာဝန် နယ်ပယ်အသီးသီးမှာ လက်အောက်ကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်တဲ့ ခေါင်းဆောင်ကောင်းများဖြစ်ရန်အတွက် မိမိတို့ရဲ့ခေါင်းဆောင်မှုအရည်အသွေးများကို အစဉ်တိုးတက်နေအောင် ကြိုးပမ်းတည်ဆောက်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်သားတွေဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာမှာ ဘယ်အချိန် ဘယ်နေရာပဲဖြစ်ဖြစ် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရတဲ့သူတွေဖြစ်လို့ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ပြီး စိတ်ဓာတ်ကောင်းမွန်ဖို့ အထူးလိုအပ်တယ်။ တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်ကောင်းမွန်စေဖို့အတွက် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးတို့နဲ့ ဖန်တီးပေးရမှာဖြစ်သလို တစ်ဖက်ကလည်း မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ခံယူချက်၊ ယုံကြည်ချက်၊ အစဉ်အလာ၊ သမိုင်းကြောင်းစတာတွေနဲ့ တည်ဆောက်ပေးရမှာဖြစ်တယ်။ မျိုးချစ်စိတ်ဆိုရာမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးတဲ့စိတ်၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကိုထိရင် မချိအောင်နာတတ်တဲ့စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမယ်ဆိုတဲ့စိတ်တို့ပဲဖြစ်တယ်။ အဲဒီလိုအရင်းခံစိတ်တွေ ကိန်းဝပ်လာအောင် တည်ဆောက်ပေးနိုင်မှသာ တစ်ဦးချင်းရဲ့ ယုံကြည်ချက်၊ ခံယူချက်မြင့်မားလာပြီး စိတ်ဓာတ်ခိုင်မာ ကောင်းမွန်လာမှာဖြစ်တယ်။ စိတ်ဓာတ်ကောင်းရင် လူ၊ လက်နက်အင်အားနည်းသော်လည်း အောင်မြင်မှုရရှိအောင် ကြံ့ကြံ့ခံဆောင်ရွက်နိုင်စွမ်းရှိတာကို တွေ့ရှိရတယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ မိမိကိုယ်တိုင်သာမက မိမိကွပ်ကဲရတဲ့ တပ်ဖွဲ့ဝင်တွေကိုပါ မျိုးချစ်စိတ်၊ တိုင်းပြည်ကိုကာကွယ်လိုစိတ်၊ မိမိတပ်ဖွဲ့နဲ့ တပ်မတော်အပေါ် ချစ်ခင်တွယ်တာစိတ်ရှိစေဖို့ လေ့ကျင့်ပြုစုပျိုးထောင်နေကြရမှာဖြစ်တယ်။ ဒ့ါအပြင် တိုက်ပွဲဝင်ရာမှာလည်း ရဲဘော်တို့အပါအဝင် တပ်ဖွဲ့ဝင်တွေရဲ့ တိုက်လိုခိုက်လိုစိတ် မြင့်မားစေဖို့အတွက် တပ်မတော်ရဲ့ စိတ်ဓာတ်တွေဖြစ်တဲ့ လှေခွက်ချည်းကျန်အလံမလှဲသည့် စိတ်ဓာတ်၊ ပေးအပ်တဲ့တာဝန်အပေါ်မှာ တုံးတိုက်တိုက်ကျားကိုက်ကိုက် မဖြစ်မနေအောင်မြင်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်၊ ဒို့တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို အသက်နဲ့လဲပြီး စောင့်ထိန်းမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးရရှိအောင် တည်ဆောက်သွားကြဖို့ လိုတယ်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်တဲ့စိတ်များနဲ့ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး တပ်မတော်ရဲ့ဂုဏ်ကို မြှင့်တင်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

စိတ်ဓာတ်ကောင်းမွန်မှုနဲ့ စည်းကမ်းလိုက်နာမှုတို့ဟာ ဆက်စပ်နေတာကြောင့် စိတ်ဓာတ်ကောင်းရင် စည်းကမ်းလိုက်နာမှုလည်း အားကောင်းလာမှာဖြစ်တယ်။ စည်းကမ်းဆိုတာ လူ့ကျင့်ဝတ်တစ်ခုဖြစ်သလို တပ်မတော်ရဲ့ကျောရိုးနဲ့ အသက်ဝိညာဉ်လည်းဖြစ်တာကြောင့် အလေးထားလိုက်နာစောင့်ထိန်းကြဖို့လိုအပ်တယ်။ စည်းကမ်းအမျိုးမျိုး သတ်မှတ်ထားပေမယ့် အမျိုးအစားခွဲခြားမယ်ဆိုရင် တိုက်တွန်းချက်၊ တားမြစ်ချက်များဖြစ်တဲ့ ဆောင်ရန်စည်းကမ်းနဲ့ ရှောင်ရန်စည်းကမ်းဆိုပြီး နှစ်မျိုးသာရှိတာကို တွေ့ရမယ်။ ဆောင်ရန်စည်းကမ်းဆိုတာကတော့ ရဲဘော်တို့ မပျက်မကွက် လိုက်နာရမယ့် အချက်တွေဖြစ်ပြီး

စာမျက်နှာ ၄ သို့ ☆

☆ **ဒို့တပ်မတော်သားတွေဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာမှာ ဘယ်အချိန် ဘယ်နေရာပဲဖြစ်ဖြစ် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရတဲ့သူတွေဖြစ်လို့ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ပြီး စိတ်ဓာတ်ကောင်းမွန်ဖို့ အထူးလိုအပ်တယ်။ တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်ကောင်းမွန်စေဖို့အတွက် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးတို့နဲ့ ဖန်တီးပေးရမှာဖြစ်သလို တစ်ဖက်ကလည်း မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ခံယူချက်၊ ယုံကြည်ချက်၊ အစဉ်အလာ၊ သမိုင်းကြောင်းစတာတွေနဲ့ တည်ဆောက်ပေးရမှာဖြစ်တယ်။ မျိုးချစ်စိတ်ဆိုရာမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးတဲ့စိတ်၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကိုထိရင် မချိအောင်နာတတ်တဲ့စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမယ်ဆိုတဲ့စိတ်တို့ပဲဖြစ်တယ်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ စာမျက်နှာ ၃ မှ

ရှောင်ရန်စည်းကမ်းကတော့ လုံးဝမပြုလုပ်ရန် တားမြစ်ထားတဲ့အချက်တွေဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ ဒီတပ်မတော်သားအားလုံးအတွက် လိုက်နာရန်တိုက်တွန်းထားတဲ့ စစ်သည်တော်ကျင့်ဝတ်အပါး(၆၀)ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာလိုက်နာသွားဖို့ လိုအပ်သလို စစ်မြေပြင်စည်းကမ်းတွေ၊ လုပ်ငန်းခွင်စည်းကမ်းတွေနဲ့ နယ်ဘက်ဆိုင်ရာစည်းကမ်းဥပဒေတွေကိုလည်း လေးစားလိုက်နာကြရမယ်။ ရှောင်ကြဉ်ရမယ့် စည်းကမ်းတွေအနေနဲ့ တပ်မတော်အက်ဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်လို့ အဲဒီဥပဒေတွေကိုလည်း သိရှိနားလည်အောင် လေ့လာပြီး အလေးထားလိုက်နာဖို့လိုအပ်တယ်။ ဒ့ါအပြင် နိုင်ငံတကာမှာ လက်ခံကျင့်သုံးနေတဲ့ **“စစ်ပွဲဆိုင်ရာ ဥပဒေများနဲ့ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း”**တွေကိုလည်း သိရှိလိုက်နာကြရမှာဖြစ်တယ်။

**ရဲဘော်တို့**

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ ကိုယ့်လက်အောက်ငယ်သားတွေကို စည်းကမ်းလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရမှာဖြစ်သလို ကိုယ်ကိုယ်တိုင်လည်း လိုက်နာစောင့်ထိန်းဖို့လိုအပ်တယ်။ အထူးသဖြင့် စည်းကမ်းအရာမှာ စံနမူနာပြလိုက်နာစောင့်ထိန်းရမှာဖြစ်ပြီး တစ်ဦးချင်းနဲ့ အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်တဲ့ ပြုမူနေထိုင်မှုတွေကို ရှောင်ကြဉ်ကြဖို့ လိုအပ်တယ်။ အသောက်အစားနဲ့ အပျော်အပါးများဟာ မိမိတို့တစ်ဦးချင်းရဲ့ စွမ်းဆောင်ရည်တွေကိုသာမက မိမိတို့ရဲ့ မိသားစုနဲ့ အဖွဲ့အစည်းအပေါ်ကို ထိခိုက်မှုများဖြစ်ပေါ်လာနိုင်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ တစ်ဦးချင်းကိုယ်စီ အသိတရား၊ ဆင်ခြင်တုံတရားများနဲ့ နေထိုင်ဖို့လိုအပ်သလို မိမိလက်အောက်ငယ်သားများကိုလည်း ထိန်းသိမ်းကြပ်မတ်သွားဖို့လိုတယ်။ မိမိတစ်ဦးချင်းစီ၏ ပြုမူပြောဆိုနေထိုင်မှုများဟာ တပ်မတော်ရဲ့ ဂုဏ်သိက္ခာနဲ့ သက်ဆိုင်တဲ့အတွက် တစ်ဦးချင်းစီက စည်းကမ်းနဲ့အညီ နေထိုင်ပြုမူကျင့်ကြံကြရန်လိုအပ်ကြောင်း မှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်သားတွေဟာ အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နေကြရသူတွေဖြစ်တဲ့အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုရှိဖို့ကို အလေးထားလုပ်ဆောင်ကြဖို့လိုတယ်။ ကျန်းမာကြံ့ခိုင်ဖို့ကို လေ့ကျင့်ရေးနဲ့ လုပ်ယူရတာဖြစ်ပြီး တပ်တစ်တပ်ကို တည်ဆောက်တဲ့နေရာမှာ လေ့ကျင့်ရေးဟာ အရေးကြီးဆုံးလုပ်ငန်းဖြစ်တယ်။ လေ့ကျင့်ရေးနဲ့ ကျန်းမာကြံ့ခိုင်မှုဟာ အပြန်အလှန်သက်ရောက်မှုရှိပြီး လေ့ကျင့်နေမှသာ ကျန်းမာကြံ့ခိုင်နေမှာဖြစ်သလို ကျန်းမာကြံ့ခိုင်နေမှလည်း လေ့ကျင့်ရေးလုပ်ငန်းတွေကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်နိုင်မှာဖြစ်တယ်။ လေ့ကျင့်ရေးလုပ်ဆောင်ခြင်းဟာ ကြံ့ခိုင်မှုနဲ့ ကျွမ်းကျင်မှုရှိဖို့ဖြစ်တယ်။ ကြံ့ခိုင်မှုဆိုတာ တပ်ဖွဲ့ဝင်တစ်ဦးချင်းရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း ကျန်းမာကြံ့ခိုင်နေအောင် လေ့ကျင့်တာဖြစ်သလို ကျွမ်းကျင်မှုဆိုတာကတော့ မိမိတို့ကိုင်တွယ်အသုံးပြုနေတဲ့ လက်နက်တွေနဲ့ သင်ယူလေ့လာထားတဲ့ စစ်ပညာရပ်တွေကို ကျွမ်းကျင်ဖို့လေ့ကျင့်တာဖြစ်တယ်။ အဲဒီလိုကျွမ်းကျင်မှုရှိမှ ယုံကြည်မှုရှိလာမှာဖြစ်ပြီး ယုံကြည်မှုရှိမှလည်း ကြုံတွေ့လာတဲ့ အခက်အခဲတိုင်းကို ရဲဝံ့စွန့်စားစွာ ရင်ဆိုင်လုပ်ကိုင်နိုင်တဲ့ ရဲစွမ်းသတ္တိတွေရရှိလာမှာဖြစ်တယ်။ ဒါတွေဟာ လေ့ကျင့်မှုလုပ်ဆောင်ခြင်းမှ ရရှိတာဖြစ်လို့ စိတ်ပိုင်း၊ ရုပ်ပိုင်း အစဉ်ကြံ့ခိုင်မှုရှိအောင် ရဲဘော်တို့အနေနဲ့ **“ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်”** ဆိုတဲ့ တပ်မတော်ရဲ့ လေ့ကျင့်ရေး မူဝါဒများနဲ့အညီ စဉ်ဆက်မပြတ် လေ့ကျင့်နေကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ အလွန်အကျည်းတန်၊ ရုပ်ဆိုးလှတဲ့ အဲဒီအချိန်က အာဏာရပါတီရဲ့ မဲမသမာမှုများကြောင့် အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး နိုင်ငံ့တာဝန်ထိန်းသိမ်းပေးနေတဲ့ တပ်မတော်ရဲ့ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အန္တိမရည်မှန်းချက်ဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်တယ်။ ရွေးကောက်ပွဲအကြိုလုပ်ငန်းများဖြစ်တဲ့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို အောက်တိုဘာလဆန်းမှစတင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြုလုပ်နိုင်ခဲ့တယ်။ အဲဒီလိုလုပ်ဆောင်ခဲ့တာဟာ နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာပါရှိတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိတဲ့ အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်။ သန်းခေါင်စာရင်းကရရှိလာမယ့် အချက်အလက်များဟာ နိုင်ငံတော်ရဲ့ လက်ရှိနဲ့အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် အသုံးဝင်မှာဖြစ်သလို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကိုလည်း အထောက်အကူပြုမှာဖြစ်တယ်။ မှန်ကန်တဲ့မဲစာရင်းများနဲ့ ရွေးကောက်ပွဲကို စည်းစနစ်ကျစွာ ကျင်းပပြီး ရွေးကောက်ပွဲမှ ထွက်ပေါ်လာတဲ့အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်လုပ်ဆောင်ရာမှာ ရဲဘော်တို့အနေနဲ့ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ ပြည်သူတွေနဲ့ပူးပေါင်းပြီး ခေတ်အဆက်ဆက်မှာ ပြည်တွင်းပြည်ပအန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို နိုင်ငံတော်မှာ ကြုံတွေ့လာရမယ့် ဘေးအန္တရာယ်တွေကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ ပြည်သူလူထုစည်းလုံးညီညွတ်မှုအားနဲ့ ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းရှိရမှာဖြစ်တယ်။ ယနေ့ကာလမှာ ပြည်တွင်းပြည်ပအဖျက်သမားများဟာ ဆိုရှယ်မီဒီယာကို လက်နက်သဖွယ်အသုံးပြုပြီး အစိုးရနဲ့ပြည်သူ၊ ပြည်သူနဲ့တပ်မတော် သွေးကွဲအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် ထိုးနှက်တိုက်ခိုက်လျက်ရှိတယ်။ အထူးသဖြင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေတဲ့ ဒို့တပ်မတော်သားအချင်းချင်း စိတ်ဝမ်းကွဲအောင် သတင်းအတု၊ သတင်းအမှားတွေနဲ့ ထိုးနှက်တိုက်ခိုက်မှုတွေကို လုပ်ဆောင်နေတာ မြင်တွေ့ကြရမှာဖြစ်တယ်။ အဲဒီလို တပ်မတော်ဖြိုခွဲရေးအတွက် ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်နေတဲ့ သတင်းအတု၊ သတင်းအမှားတွေကို နားမယောင်မိဖို့ လိုသလို ရဲဘော်တို့အနေနဲ့ တာဝန်ကျရာ တပ်အသီးသီးကို ရောက်ရှိသွားချိန်မှာ တပ်မတော်သားနဲ့ မိသားစုဝင်တွေ သတင်းအတု၊ သတင်းအမှားများကြောင့် ယုံကြည်ချက်၊ ခံယူချက်တွေ မယိမ်းယိုင်သွားစေဖို့နဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေး ခိုင်မာအားကောင်းစေဖို့အတွက် စည်းရုံးလုပ်ဆောင်သွားကြဖို့ လိုအပ်တယ်။ တပ်တွင်းစည်းလုံးညီညွတ်မှုရှိစေရေးအတွက် အထက်ကပေးအပ်တဲ့ အမိန့်နဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ဖို့လိုသလို လက်အောက်ကို ထိတွေ့မှုများများနဲ့ ဦးဆောင်ပြီး နေ့စဉ်လုပ်ဆောင်ရမယ့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကို အောင်မြင်စွာ လုပ်ဆောင်သွားကြဖို့ အလေးထားမှာကြားလိုတယ်။

**ရဲဘော်တို့**

တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအားကောင်းအောင် တည်ဆောက်ရမှာဖြစ်သလို တစ်ဖက်ကလည်း တပ်ပြင်စည်းရုံးရေးကို အောင်မြင်အောင် လုပ်ဆောင်သွားကြဖို့ လိုအပ်တယ်။ လက်ရှိအချိန်မှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနဲ့ လူပုဂ္ဂိုလ်တချို့ဟာ တပ်မတော်အပေါ် ပြည်သူလူထုရဲ့ အထင်အမြင်တွေ လွဲမှားသွားစေဖို့အတွက် ပြည်ဖျက်မီဒီယာများနဲ့ပူးပေါင်းပြီး တပ်မတော်ပုံရိပ်ကျဆင်းအောင် ပြောဆိုရေးသားနေကြတာကို တွေ့ရတယ်။ ဒီလို လုပ်ဆောင်ချက်တွေဟာ တပ်မတော်အပေါ်မှာသာမက တစ်မျိုးသားလုံးရဲ့ စည်းလုံးညီညွတ်မှုအပေါ်မှာ ဆိုးရွားစွာထိခိုက်နိုင်တာ ရဲဘော်တို့ အသိပဲဖြစ်တယ်။ ဒါကြောင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများရဲ့ ဆိုးရွားတဲ့လုပ်ရပ်တွေအပေါ် အသိ၊ သတိနဲ့ ဆင်ခြင်ပြီး စစ်မှန်တဲ့ တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်သွားရမှာပဲဖြစ်တယ်။ တပ်ပြင်စည်းရုံးရေး ဆောင်ရွက်ရာမှာလည်း ရဲဘော်တို့အနေနဲ့ စစ်သည်တော်ကျင့်ဝတ်နဲ့အညီ နေထိုင်ကျင့်ကြံပြီး မိမိနယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်တပ်တစ်အား ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ရပါက အချိန်နဲ့တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခြင်းများအပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှကို တပ်မတော်ရဲ့ အဓိကလုပ်ငန်းတာဝန်တစ်ရပ်အဖြစ်ခံယူပြီး စစ်မှန်တဲ့စိတ်ရင်းစေတနာနဲ့ အပြည့်အဝလုပ်ဆောင်ပေးကြဖို့ အလေးအနက်ထား မှာကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့

- စစ်တက္ကသိုလ်ရဲ့ မွန်မြတ်တဲ့အစဉ်အလာ၊ ကောင်းမွန်တဲ့ ဂုဏ်သတင်းများကို ဆက်လက်စောင့်ထိန်းပြီး စစ်မြေပြင်မှာ မှတ်ကျောက်တင်ခံနိုင်မယ့် စစ်သားကောင်းများဖြစ်အောင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သွားကြပါ။
- ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နဲ့အညီ ပြုမူကျင့်ကြံပြီး မိမိတို့ရဲ့ ခေါင်းဆောင်မှုအရည်အသွေးများကို အစဉ်တိုးတက်နေအောင် ကြိုးပမ်းတည်ဆောက်သွားကြပါ။
- မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်တဲ့စိတ်များနဲ့ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး တပ်မတော်ရဲ့ဂုဏ်ကို မြှင့်တင်သွားကြပါ။
- နိုင်ငံတော်ကာကွယ်ရေးအတွက် တိုက်ပွဲဝင်အသင့်ရှိစေဖို့ **“ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်”**ဆိုတဲ့ တပ်မတော်ရဲ့ လေ့ကျင့်ရေးမူဝါဒများနဲ့အညီ လေ့ကျင့်မှုတွေ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြပါ။
- တပ်မတော်ရဲ့ ရည်မှန်းချက်တာဝန်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ကျရာတာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်တဲ့ **“နှောင်တစ်ခေတ်၏ အောင်စစ်သည်”**များဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

❖ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆)မှ အောင်စစ်သည်ဆု ရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၉၈၈ ဗိုလ်လောင်း ထက်အာကာ၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၈၅၃ ဗိုလ်လောင်း သီဟစိုး၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်း အမှတ် ၃၆၀၀၁ ဗိုလ်လောင်း နေသုခ၊ စာပေထူးချွန်ဆု(သိပ္ပံ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၁၂၆ ဗိုလ်လောင်း ရဲထက်၊ စာပေထူးချွန်ဆု (ကွန်ပျူတာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၉၄၀ ဗိုလ်လောင်းဇော်ဖြိုးအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၈၅၃ ဗိုလ်လောင်း သီဟစိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်း အမှတ် ၃၆၀၀၁ ဗိုလ်လောင်း နေသုခအား ဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။ **(နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းကို စာမျက်နှာ ၃ တွင် သီးခြား ဖော်ပြထားပါသည်။)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး **စာမျက်နှာ ၆ သို့ »»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

»» စာမျက်နှာ ၅ မှ

သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်း ဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာ ကာလတစ်လျှောက်လုံး စာပေကဏ္ဍ၊ လေ့ကျင့်ရေး ကဏ္ဍတို့တွင် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ကြခြင်းဖြစ်သဖြင့် ချီးကျူးအသိအမှတ်ပြုကြောင်းနှင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ **ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိဘများ၊ ဆရာ ဆရာမများက သွန်သင်ပဲ့ပြင်ပေးခဲ့သည့် အခြေခံကောင်းများ၊ ယခုသင်တန်းမှ ရရှိခဲ့သည့် မိမိဘဝ တိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှု စသည့် အခြေခံအလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစားအားထုတ် သွားကြရမည်ဖြစ်ကြောင်း၊** ယနေ့ခေတ်သည် နည်းပညာများ စဉ်ဆက်မပြတ် ပြောင်းလဲ တိုးတက်နေသည့်အတွက် မိမိတို့ဘဝတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ဖတ်မှတ်လေ့လာခြင်းဖြင့် ဆက်လက်ဆည်းပူးလေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရပြီး လက်အောက်က အားကိုးရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်း။

ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ ကျေးဇူးများ၊ အသိပညာများရရှိစေရေး သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများ၏ ကျေးဇူးများကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ



စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

ဗိုလ်လောင်းသင်တန်း လေးနှစ်တာကာလအတွင်း တပ်မတော်၏ ခေါင်းဆောင်ငယ်များ ဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်း မမေ့ရန်လိုကြောင်း၊ မိဘများ၏ စကားကို နားထောင်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင်ထားရှိခြင်း၊ မိမိတတ်နိုင်သရွေ့ ကျွေးမွေးစောင့်ရှောက်ခြင်းတို့သည် မိဘကျေးဇူးကို ဆပ်ခြင်းပင်ဖြစ်သကဲ့သို့ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း။

တာဝန်ထမ်းဆောင်ရာတွင်လည်းစစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏ တာဝန်များကို ထမ်းဆောင်လျက်ရှိကြသည့်နောင်တော်ကျောင်းဆင်းအရာရှိများ၊ စစ်သည်များထံမှလည်း ကောင်းမွန်သည့် အတွေ့အကြုံကောင်းများကို လက်ဆင့်ကမ်း သင်ယူကြရန်လိုကြောင်း၊ တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာခြင်းဖြစ်ပြီး တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် **မိမိကိုယ်ကို၊ မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ပေးအပ်သည့် တာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လို**ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

❖ **ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိဘများ၊ ဆရာ ဆရာမများက သွန်သင်ပဲ့ပြင်ပေးခဲ့သည့် အခြေခံကောင်းများ၊ ယခုသင်တန်းမှ ရရှိခဲ့သည့် မိမိဘဝတိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှု စသည့် အခြေခံအလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစားအားထုတ်သွားကြရမည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် သုမင်္ဂလာအဆင့်မြင့်ဈေး တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးနှင့် ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးတို့က ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များအတွင်း ရေဝင်ရောက်မှု အခြေအနေများ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များအား ထိန်းသိမ်းထားရှိမှု အခြေအနေများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ကဗျာပြိုင်ပွဲများ ပြုလုပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**မျက်စိပသာဒ ဖြစ်စေရေးဆောင်ရွက်**

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသား ကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်သို့ လာရောက် အပန်းဖြေကြမည့်သူများ များပြားနိုင်သဖြင့် လိုအပ်သည်များကို ပြည့်စုံစွာ ဆောင်ရွက်ပေးထားရန်လိုကြောင်း၊ အမျိုးသား ကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထိမ်းအမှတ်နေရာ(Land Mark) တစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးနှင့် ခရီးသွားများ အမြဲမပြတ်လည်ပတ်နိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်သဖြင့် ပန်းပေါင်းစုံများ ရာသီမရွေးဖူးပွင့်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေး တိုးတက်အောင် သက်ဆိုင်ရာ သုတေသနအဖွဲ့များက ဆောင်ရွက်သွားရန်လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်း၊ မျိုးသန့်များကိုလည်း ဒေသတွင်း အောင်မြင်ဖြစ်ထွန်းစွာ ဖူးပွင့်နိုင်ရေး စမ်းသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥယျာဉ်နေရာများ၌သာမက မြို့အတွင်းရှိလမ်းများ၊ ရပ်ကွက်များအတွင်း၌လည်း သစ်ပင်ပန်းမန်များ စိုက်ပျိုး၍ မျက်စိပသာဒဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်ဒေသသို့ ခရီးသွားဧည့်သည်များ အများအပြားလာရောက် အပန်းဖြေကြခြင်းသည် ဒေသ၏ သာယာလှပမှုနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု၊ အေးချမ်းစိုပြည်မှု တို့ကြောင့်ပင်ဖြစ်ပြီး "အိမ်သာ၍ ဧည့်လာ"ခြင်းပင်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ ခရီးသွားအများအပြားလာရောက်ခြင်းသည် ဒေသခံတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူ ဖြစ်စေနိုင်သည် ဖြစ်သဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ Green Zone Area များကို မဖြစ်မနေ အကောင်အထည်ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျ ဆက်လက်စိုက်ပျိုး ထိန်းသိမ်းခြင်းများဖြင့်လည်း ရာသီဥတုကောင်းမွန်မှုကို ဆက်လက် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများ၊ ဒေသပန်းမျိုးများ သုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်းအတွင်း သုတေသနပြု စိုက်ပျိုးစမ်းသပ်ထားရှိမှု၊ ရေကန်ပတ်လမ်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကန်တော်ကြီးအတွင်း ထည့်သွင်းမွေးမြူထားသည့် အလှမွေးငါးများ၊ ဘဲငန်းများကို အစာကျွေးခဲ့ကြသည်။

**စာမျက်နှာ ၈ သို့** ❖

- **ဒေသတွင်းသို့ ခရီးသွားအများအပြားလာရောက်ခြင်းသည် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်သည်ဖြစ်သဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လို**
- Green Zone Area **များကို မဖြစ်မနေ အကောင်အထည်ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျ ဆက်လက်စိုက်ပျိုးထိန်းသိမ်းခြင်းများဖြင့်လည်း ရာသီဥတုကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းကြရမည်**

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းဆင်း အရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်စဉ်။

---

❖ စာမျက်နှာ ၇ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အထပ်အလိုက် ဆိုင်ခန်းများ ဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ကလေးကစားကွင်းနေရာများ၊ ရုပ်ရှင်ရုံများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆိုလာပြားများတပ်ဆင်သွားမည့် အခြေအနေများ၊ မြေညီထပ်ရှိ Local Fresh Fruits & Meats Market နှင့် Banking Service Area အတွက် ဗိသုကာဒီဇိုင်းများ ပြင်ဆင်ထားရှိမှု၊ ယာဉ်ရပ်နားသည့်နေရာအတွင်း EV ကားများအတွက် Battery Charger နေရာများ ဆောင်ရွက်ထားရှိမှု၊ ရေဝင်ရေထွက်ကောင်းမွန်စေရေးအတွက် တွက်ချက်ဆောင်ရွက်ထားရှိမှု၊ ရေဆိုးစွန့်ပစ်မှုစနစ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အထူးပြုလုပ်ချက် ဗီဒီယိုကလစ်ကိုဖွင့်လှစ်ပြသသည်။

### စနစ်တကျထုပ်ပိုး၍ ရောင်းချသွားရန်လို

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ရေစီးရေလာနှင့် ရေဝင်ရေထွက်ကောင်းမွန်စေရေး တို့ကိုလည်း ထည့်သွင်းစဉ်းစား၍ ရေနုတ်မြောင်းများကို စနစ်တကျတွက်ချက်၍ ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအားလုံး ပြီးစီးပါက ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန် လိုပြီး စားသောက်ဆိုင်ခန်းများထားရှိမည့်အထပ်တွင် သန့်ရှင်းမှုရှိစေရေးကို အလေးထားဆောင်ရွက်သွားရန်နှင့် ရေ/မီးစနစ်များ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲရာတွင် Back up စနစ်ကိုပါ ထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်မြင့်ဈေးဖြစ်သည်နှင့်အညီ အသီးအရွက်များ၊ အသားငါးများကိုလည်း စနစ်တကျထုပ်ပိုး၍ ရောင်းချသွားရန်လိုကြောင်း။

ယခု အဆင့်မြင့်ဈေးသစ် တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှု များပြားလာမှုများနှင့်ကိုက်ညီသည့် အဆင့်မီဈေးတစ်ခုဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ရရှိနိုင်စေရန် ရည်ရွယ် ဆောင်ရွက်စေခြင်းဖြစ်ကြောင်းနှင့် စံပြဈေးတစ်ခုဖြစ်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေး တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည့်အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးသူများအား ကျေးဇူးတင်လွှာ

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့မှ (၇) ရက်နေ့အထိ ပါရာဂွေးသမ္မတနိုင်ငံ အာဆွန်စီယွန်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် “Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage” အစည်းအဝေးတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေးအတွက် အဓိကပါဝင်ကူညီပံ့ပိုးပေးခဲ့သော ဥက္ကဋ္ဌဒေါ်စန္ဒာခင် ဦးဆောင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အားလည်းကောင်း၊ ဝိုင်းဝန်းအားဖြည့်ဆောင်ရွက်ပံ့ပိုးပေးခဲ့ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ဂေါပကအဖွဲ့၊ ပုဂံမြို့အာနန္ဒာမြတ်စွာဘုရားကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ဗိုလ်တထောင်မြို့နယ်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင် အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီအစည်းအရုံး၊ မြန်မာနိုင်ငံပန်းပုအစည်းအရုံး၊ ဝိသာခါဖောင်ဒေးရှင်း၊ TMW Enterprise Limited၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်(ရန်ကုန်)၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေး အဖွဲ့(ဗဟန်းမြို့နယ်)၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြင့်မြတ်သူစေတနာသွေးလှူရှင် အသင်း၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် အသင်းအဖွဲ့များ၊ ကူညီပံ့ပိုးသူများအားလုံးတို့အား လည်းကောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အတွက် လိုအပ်သည့် သင်္ကြန်မှတ်တမ်းများနှင့် နောက်ခံစကားပြော ပံ့ပိုးကူညီဆောင်ရွက်ပေးသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် Living Myanmar Media Group အား လည်းကောင်း၊ အဆိုပြုစာတွဲများတင်သွင်းရာတွင် လိုအပ်သည့် ဘာသာပြန်ဆိုဆောင်ရွက်ပေးခဲ့သော ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပြင်သစ်ဘာသာဌာနအား လည်းကောင်း၊ အဆိုပြုစာတွဲတင်သွင်းရေးအတွက် သတင်းနှင့်နည်းပညာအချက်အလက်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား လည်းကောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စတင်ခဲ့ကြသည့် ပုဂံခေတ်ကာလမှ ယနေ့အထိ လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြသည့် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့အား လည်းကောင်း ဤစာဖြင့် ဖော်ပြရာတွင် မပါဝင်ခဲ့သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ကူညီဆောင်ရွက်ပေးသူများအားလုံးတို့ကို လည်းကောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မသန်စွမ်းအားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၆

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လယ်ဝေး TC-2 အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

## ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်းနှင့် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဦးမြင့်နောင်နှင့် ဦးမင်းသိန်းဇံ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့သည် လယ်ဝေး TC-2 အားကစားကွင်းဘော်လီဘောရုံ၌ မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ပဲခူးတိုင်းဒေသကြီး အသင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်အားကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မသန်စွမ်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို လယ်ဝေး TC-2 အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများတက်ရောက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက အမျိုးသမီး သံပြားပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံက အမျိုးသား သံလုံးပစ် F 56/57 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အမျိုးသားအလျားခုန် T46/47 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား သံပြားပစ် F62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသမီး သံလုံးပစ် F 54/55 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က အမျိုးသား မီတာ ၄၀၀ T 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ မသန်စွမ်းအမျိုးသား ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသားသံပြားပစ် F64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသား လှံတံပစ် F46 ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် မွန်ပြည်နယ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် အမျိုးသား သံပြားပစ် F64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်လှိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အမျိုးသမီး အလျားခုန် T44/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မဝေဝေသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသား မီတာ ၄၀၀ မသန်စွမ်း T64 ပြိုင်ပွဲတွင် အားကစားသမားများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ် နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသမီး အလျားခုန် T44/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး နှင့် တတိယဆုရရှိသည့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ အားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစား ပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ မသန်စွမ်းရေကူး (အမျိုးသား/အမျိုးသမီး) မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၊ လိပ်ပြာကူးနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲတို့၏ ဗိုလ်လုပွဲပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ယှဉ်ပြိုင်ကစားကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၁၁ သို့ ✪

✪ စာမျက်နှာ ၁၀ မှ
မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲယှဉ်ပြိုင်မှုများ အပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးထိန်လင်းက မသန်စွမ်းရေကူး အမျိုးသား S9/10 မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက အမျိုးသား S6/7 မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား S9/10 မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော်


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ အမျိုးသား လုံတံပစ် F46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မောင်ဟိန်းမင်းခန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဌေးလှိုင်က အမျိုးသား S4/5 မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား S6/7 မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမျိုးသမီးညွှန့်ပေါင်း S6/10 မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား S4/5 မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့်ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ အမျိုးသား၊ အမျိုးသမီး မျက်မမြင် B1၊B2 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို လယ်ဝေး TC–2 အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက အမျိုးသားမျက်မမြင် B1 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အမျိုးသမီး မျက်မမြင် B1 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အမျိုးသားမျက်မမြင် B2 အမြန်ရွှေ့ စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက အမျိုးသမီးမျက်မမြင် B2 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲမှ အမျိုးသား ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ပဲခူးတိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ကလည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ကလည်းကောင်း ဒီဇင်ဘာ ၈ ရက်တွင် လယ်ဝေး TC–2 အားကစားကွင်းဘော်လီဘောရုံ၌ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သဖြင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုများကို မည်သူမဆို လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်



## ဒုတိယဝန်ကြီး ဦးလူမွန် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနက ဖွင့်လှစ်သည့် သင်တန်းများဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန သင်တန်းကျောင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အစိုးရ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် အရေးပါသော နိုင်ငံ့ဝန်ထမ်းများ၏ နည်းပညာကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပြည်ထောင်စုအဆင့် ရုံး၊ အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအသီးသီးမှ CIO/ACIO များနှင့် e–Government စီမံကိန်းများတွင် ဦးဆောင်၍ တာဝန်ယူ ဆောင်ရွက်နေသည့် အရာထမ်းများ၊ IT ပညာရှင်များအတွက် AI Governance and Digital Ethic သင်တန်း၊ IT Service Management သင်တန်း၊ IT Infra Design and Planning သင်တန်း၊ Advanced Excel သင်တန်းများ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့တွင် ရုံးအမှတ် (၂) စုပေါင်းခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန် တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းဆင်း လက်မှတ်များပေးအပ်ကာ သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဆုများချီးမြှင့်သည်။

အခမ်းအနားကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းကျောင်း ကျောင်းအုပ်နှင့် ဌာနတာဝန်ခံများ၊ သင်တန်းဆရာ ဆရာမများ၊ ပြည်ထောင်စုအဆင့် ရုံး၊ အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအသီးသီးမှ CIO/ACIO များနှင့် e–Government စီမံကိန်းများတွင် ဦးဆောင်၍ တာဝန်ယူဆောင်ရွက်နေသည့် သင်တန်းသား သင်တန်းသူ ၁၀၈ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဂျာမနီနိုင်ငံ နော့ဒ်ရိုင်းဝက်စ်ဖာလီးယားပြည်နယ်ဆိုင်ရာ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးမောင်သူရကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာ-ဂျာမနီ နှစ်နိုင်ငံ ယဉ်ကျေးမှု၊ စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အပါအဝင် ဂျာမနီနိုင်ငံရောက် မြန်မာနိုင်ငံသားများ အကျိုးအတွက် ကူညီစောင့်ရှောက်ပေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ ဒုတိယနေ့တွေ့ဆုံပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီ ၅၁ ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများက ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ရွေးကောက်ပွဲနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာကိစ္စ၊ အထွေထွေကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များ ဖြစ်သည့် အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်အပေါ် လေ့လာသုံးသပ်ချက်၊ ညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအစုအဖွဲ့များ၏ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေးသဘောထားစုစည်းရရှိချက်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာများနှင့် ရွေးကောက်ပွဲနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာကိစ္စရပ်များအပေါ် နိုင်ငံရေးပါတီများ၏ သဘောထားအမြင်များနှင့် အကြံပြုဆွေးနွေးချက်များကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် ညှိနှိုင်းရေးကော်မတီကိုယ်စား ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)၊ ဦးလှမောင်ရွှေ၊ နိုင်ငံရေးပါတီများကိုယ်စား လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ဗဟိုကော်မတီဝင် ဒေါ်ခင်စောနွဲ့နှင့် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးနှင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် နှစ်ရက်တာကာလ ဆွေးနွေးချက်များက များစွာအထောက်အကူဖြစ်စေပါကြောင်း၊ သတိပြုစေလိုသည့်အချက်မှာ မိမိတို့နိုင်ငံတွင် နေရာတိုင်း၌ တိုင်းရင်းသားလူမျိုးများ ရောနှောနေထိုင်ကြသဖြင့် လူမျိုးကို အခြေခံသည့် ဖက်ဒရယ်စနစ်ထက် ဒေသကို အခြေခံသော ဖက်ဒရယ်စနစ်ကို ဦးတည်သင့်ပါကြောင်း၊ တိုင်းရင်းသားအားလုံး အနေဖြင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်နှင့် မြန်မာနိုင်ငံသား စိတ်ဓာတ်ကို မွေးမြူကြရန် အရေးကြီးပါကြောင်း၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက်လည်း အထူးအလေးထား၍ ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၏အကြံပြုချက်များကို အလေးအနက်ထား စဉ်းစား၍ လုံခြုံမှုအပြည့်အဝရရှိရေး၊ လွတ်လပ်၍တရားမျှတမှုရှိစေရေး၊ ပြည်သူများ၏ မဲပေးခွင့်မဆုံးရှုံးစေရေး ဦးတည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်သည် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းက အေးသာယာမြို့၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ယူနေမှုကို ကြည့်ရှုပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဖြင့် ကုန်ထုတ်လုပ်မှုစွမ်းအားမြှင့်တင်နိုင်ရေး ကြိုးစားလေ့လာ သင်ယူကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် အေးသာယာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပျော်ရွှင်ချမ်းမြေ့စွာ ပညာသင်ယူမှုကို ကြည့်ရှုသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ဆောင် အစည်းအဝေးခန်း၌ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံကာ သင်ကြားသင်ယူမှုနည်းစနစ်များမြှင့်တင်ရန်၊ ထုတ်လုပ်မှုတိုးမြှင့်ရေး အထောက်အကူပြုသုတေသနများ ဦးစားပေးလုပ်ဆောင်ရန် ညှိနှိုင်းဆွေးနွေးပြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ပညာကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးပညာရေးဒီဂရီကောလိပ် ကမ္ဘောဇဆောင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ သင်ကြားရေးဘာသာရပ်များသာမက အားကစားနှင့် ကာယပညာကို တတ်မြောက်အောင် လေ့ကျင့်သင်ယူရန်၊ ဥပဒေကို လေးစားလိုက်နာရန် မှာကြားပြီး စားရိပ်သာ၌ ကျောင်းသား ကျောင်းသူများ ညနေစာစားသုံးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် စွမ်းအင်ဝန်ကြီးဌာနအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်း

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် စွမ်းအင်ဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)ရတနာခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တက်ရောက်၍ အောင်နိုင်ရေးအလံအား အပ်နှင်းသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်သည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မိမိတို့စွမ်းအင်ဝန်ကြီးဌာနမှ ဘောလုံး(အမျိုးသား)၊ ဘော်လီဘော (အမျိုးသား)၊ ဖူဆယ်(အမျိုးသား)နှင့် ပိုက်ကျော်ခြင်း (အမျိုးသား)အားကစားလေးမျိုးတွင် အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား ၇၁ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း။

ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် ပြိုင်ပွဲအသီးသီးတွင် အောင်မြင်မှုများရယူ၍ စွမ်းအင်ဝန်ကြီးဌာနဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း ပြောကြားကာ စွမ်းအင်ဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့ဝင်များကိုယ်စား အဖွဲ့ခေါင်းဆောင်အား အောင်နိုင်ရေးအလံအပ်နှင်းပြီး ပြိုင်ပွဲဝင်အားကစားသမားများအတွက် ဖြည့်စွက်အာဟာရနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ကာ အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ စွမ်းအင်ဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့များမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုယ်စားပြု အားကစားသမားများအား တွေ့ဆုံအားပေး

**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်သည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုယ်စားပြု အားကစားသမားများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ ဒုတိယဥက္ကဋ္ဌက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို လိုအပ်သည်များမှာကြား၍ အားပေးစကားပြောကြားပြီး အားကစားအသင်းအလိုက် အသင်းခေါင်းဆောင်များနှင့် တာဝန်ရှိသူများကို ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မြန်မာနိုင်ငံ တော်ဗဟိုဘဏ်အနေဖြင့် ဘော်လီဘော(အမျိုးသား) အသင်းနှင့် ပိုက်ကျော်ခြင်း(အမျိုးသား) အသင်းတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့နယ် လူမှုဖူလုံရေးရုံး၌ အမြဲတမ်းမသန်စွမ်းမှုအတွက် အကျိုးခံစားခွင့်ထုတ်ပေး

**ပခုက္ကူ ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားတစ်ဦး၏ အမြဲတမ်းမသန်စွမ်းမှုအတွက် အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ယမန်နေ့က မြို့နယ်လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူမြို့နယ် လူမှုဖူလုံရေးရုံးမှ ရုံးခွဲတာဝန်ခံ ဒေါ်ယဉ်ယဉ်ထွေးက ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့် ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အာမခံအလုပ်သမား ဦးမြင့်ခိုင် (CONSUMER GOODS MYANMAR LIMITED)၏ လုပ်ငန်းခွင်ထိခိုက်ပြီး အမြဲတမ်းမသန်စွမ်းမှုအတွက် အကျိုးခံစားခွင့်ငွေလုံးငွေရင်း ငွေကျပ် ၅၀၈၀၃၂၈ ကို တာဝန်ရှိသူများက ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**




# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၇) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ စာရေးဆရာ မြင့်စိုး(နတလ)၊ မြဝတီစာပေတိုက်နှင့် ဒလမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသိန်းစီ၊




ဝန်ကြီးဗိုလ်မှူးချုပ်စည်သူတင်ဖေ(ငြိမ်း)-ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး)တို့အားရည်စူး၍ မြတ်လေးရုံမိသားစုက ငွေကျပ်လေးသိန်း၊ ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)မိသားစု၊ ဦးစိုးတင့်(စိုးတင့်-ရောဝတီ)မိသားစုနှင့် ကပ္ပတိန်မျိုးကျော်ဦး(တောင်ဥက္ကလာပမြို့နယ်)တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးလူမော်မြင့်မောင်-ဒေါ်မော်မော်တင့်မိသားစုက ငွေကျပ်နှစ်သိန်း၊ ရန်ကင်းမြို့နယ်စာရေးဆရာအသင်းက ငွေကျပ်တစ်သိန်းငါးသောင်း၊ သီရိပျံချီဗိုလ်ချုပ်စိန်ထွား(ငြိမ်း)(ညိုထွေး)၊ ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း(ငြိမ်း) (ကျော်ဇောဟန်)၊ ဦးလှမြင့်ဦး(မောင်သံငြိမ်း)-ဒေါ်အေးအေးမြင့်၊ ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်)-(ဒေါ်ခင်ဖြူဗျင်)၊ ဆရာကြီးပီမိုးနင်းအား ရည်စူး၍ အမျိုးသားစာပေဆုရ ရွှေဒါးမောင်မြင့်ထွန်း(ရွှေဒါးအောင်စာပေ)၊ စာရေးဆရာမကြီး လေးခင် (တော်ဝင်ပန်း)၊ စာရေးဆရာမ မေ(ပြင်ဦးလွင်)၊ ဦးစောငွေ(မောင်ငွေအိုး)၊ စာရေးဆရာ ညီစေမင်း၊ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာထွန်းမောင်(သွားဆရာဝန်)၊ ဒေါ်ခင်တင့်ဝေ(ခင်တင့်ဝေ-မြို့တော်စည်ပင်)၊ သိမ်ဇရပ်မြို့နယ်စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီ၊ ဦးသက်နောင်(ပုလောစိုးနံ့သာ)-ဒေါ်အေးမိုးသူ၊ ဒေါ်မြမြသန်း(မနှင်းဖွေး)၊ ပြည်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင်(ပြည်)၊ လှိုင်မြို့နယ်စာရေးဆရာအသင်း၊ လှည်းကူးမြို့နယ်စာရေးဆရာအသင်း၊ မင်္ဂလာဒုံမြို့နယ်စာရေးဆရာအသင်း၊ ဖျာပုံမြို့နယ်စာရေးဆရာအသင်း၊ ကျောက်တန်းမြို့နယ်စာရေးဆရာအသင်း၊ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးဖေသန်း(မဲခေါင်စာပေဆုရနေမင်းသန်း)က ငွေကျပ်ခြောက်သောင်း၊ ဦးလှတိုး (တိုးထက်)၊ ဒေါက်တာအေးမင်း (ဒေါက်တာအောင်ထက်-ဆေး၁)၊ ဦးစန်းလွင်(ကပ္ပိယစန်းလွင်)မိသားစု၊ ရွှေပြည်သာမြို့နယ်စာရေးဆရာအသင်း၊ မြောက်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်း၊ ညောင်လေးပင်မြို့နယ်စာရေးဆရာအသင်း၊ ပေါင်းတည်မြို့နယ်စာရေးဆရာအသင်း၊ မဟာအောင်မြေမြို့နယ်စာရေးဆရာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်း(ခင်ခင်ဝင့်-ပညာရေး)နှင့် ဒေါ်ခင်သင်း(ပန်းနီနီ)ဗဟန်းမြို့နယ်တို့က ငွေကျပ်ငါးသောင်းစီ၊ အုတ်တွင်းမြို့နယ်စာရေးဆရာအသင်း၊ ဦးသိန်းဆွေမြင့်(ဇေယျာလင်းထွန်း)နှင့် တောင်ကြီးမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ စာရေးဆရာမ မန္တယ်(ကလော)က ငွေကျပ်နှစ်သောင်း၊ စာရေးဆရာမ သဇ္ဇာလှိုင်(လားရှိုး)က ငွေကျပ်တစ်သောင်းငါးထောင်၊ စာရေးဆရာ ဗလမင်းထင်က ငွေကျပ်တစ်သောင်း လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၆

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးဌာနမှူးများက သတ်မှတ်နေရာများမှ Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲ/ပြိုင်ပွဲတွင် ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ ရိုးရာအစားအစာ ရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းပေါင်း ၈၀ ခန့် ပြသနိုင်ရန်နှင့် ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစားပေါင်း ၃၀ ပေးအပ်ချီးမြှင့်ရန် စီစဉ်လျက်ရှိကြောင်း၊ ပြပွဲနှင့်ပြိုင်ပွဲအတွက် လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ရန် ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဆက်လက်ဖွဲ့စည်းပြီး တာဝန်များခွဲဝေသတ်မှတ်၍ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများက တာဝန်ယူပြီး ချိတ်ဆက်ဆောင်ရွက်ရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ နေပြည်တော်ကောင်စီ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ယခင်ကျင်းပခဲ့သည့် ပြည်ထောင်စုနေ့ အခမ်းအနားမှ အတွေ့အကြုံများနှင့် အကြံပြုချက်များ၊ နေပြည်တော်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်များ လာရောက်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် စက်မှုဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့များအား ထောက်ပံ့ငွေများပေးအပ်ခြင်း အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်ပြီး ပြိုင်ပွဲဝင်အားကစားသမားများအား အောင်နိုင်ရေးအမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပိုက်ကျော်ခြင်း အားကစားသမား ၁၃ ဦး၊ ပြေးခုန်ပစ် အားကစားသမား ခြောက်ဦး၊ ဂေါက်သီးရိုက် အားကစားသမား ခုနစ်ဦးတို့အတွက် ထောက်ပံ့ငွေများနှင့် အားကစားသမားတစ်ဦးချင်းစီအား ထောက်ပံ့ငွေ၊ အားကစားဝတ်စုံများနှင့် ဆေးဝါးများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ဖွင့်ပွဲနှင့်ပိတ်ပွဲ အခမ်းအနားတက်ရောက်မည့် ဝန်ထမ်း ၃၃၂ ဦးအတွက် ထောက်ပံ့ငွေများကို အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းနှင့် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းများသို့ ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ထိုင်းခရီးသွားဧည့်သည်များကို ကြိုဆိုနှုတ်ဆက်




နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များ အမှတ်တရ သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

## လက်ခံတွေ့ဆုံ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များကို ဝန်ကြီးဌာန၏ ကျောက်စိမ်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် ဝန်ကြီးဌာန၏ website နှင့် web portal တို့တွင် ထိုင်းဘာသာစကားဖြင့်ရေးသားထားသည့် ခရီးသွားကဏ္ဍအချက်အလက်များကို လွှင့်တင်ထားရှိခြင်း၊ ထိုင်းနိုင်ငံတွင် ကျင်းပသည့် ခရီးသွားပြပွဲများတွင် ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) များ ခေါ်ယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုခရီးစဉ်ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးသူများနှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် ဧည့်သည်တော်များအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံကောင်းများကို မျှဝေပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ခရီးသွားဆွဲဆောင်ရာနေရာများကို ရိုက်ကူးထားသည့် မြန်မာနိုင်ငံခရီးသွား မြှင့်တင်ရေးဗီဒီယိုကိုပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ထိုင်းခရီးသွားကုမ္ပဏီများ၊ ရုပ်သံလိုင်းမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံသား ခရီးသည်များအနက် ကံထူးရှင်အဖြစ် မဲပေါက်သူများကို အမှတ်တရ လက်ဆောင်အဖြစ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပုံတူဆင်းတုတော်များကို ပေးအပ်ပြီး ထိုင်းခရီးသွားဧည့်သည်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အားကစားအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအားကစားအသင်းကို ထောက်ပံ့ငွေများ၊ အားဖြည့်အချိုရည်များ၊ ကျန်းမာရေးအထောက်အကူပြု ဆေးဝါးများနှင့် အားကစားယှဉ်ပြိုင်မှု အထောက်အပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အောင်နိုင်ရေးအလံအား ဒုတိယအမြဲတမ်းအတွင်းဝန်ကိုပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အားကစားယှဉ်ပြိုင်မှု အထောက်အပံ့ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်ရေပန်းဥယျာဉ်ကို Royal Garden အဖြစ် အဆင့်မြှင့်တင်

နေပြည်တော် ဒီဇင်ဘာ ၆

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ကော်မတီဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် ရေပန်းဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရန် အတွက် Royal Garden အဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ၊ ခေတ်မီကလေးကစားကွင်းများ အဆင့်မြှင့်တင်နေမှု၊ ကြိုးတံတားပြန်လည်ပြုပြင် ထိန်းသိမ်းခြင်းဆောင်ရွက်နေမှု၊ Sky Garden တွင် ရှားပါးအပင်များ စိုက်ပျိုးထားရှိမှု၊ အလှပြငါးများနှင့် ရှားပါးတိရစ္ဆာန်များမွေးမြူထားရှိမှု၊ ဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရေး အလေးထားဆောင်ရွက်ရန်၊ ဥယျာဉ်အတွင်းရှိ သစ်ပင်ပန်းမန်များ အမြဲစိမ်းလန်းသာယာလှပနေစေရေးနှင့် ရာသီအလိုက် ပွဲတော်များ၊ ပန်းပွဲတော်များကျင်းပ ဆောင်ရွက်နိုင်စေရေး လျာထားစီမံဆောင်ရွက်ရန်တို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်း အမှတ်စဉ်(၁) အပိုင်း(၂) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဖွင့်လှစ်သည့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်း အမှတ်စဉ် (၁) အပိုင်း (၂) (Diploma in International Financial Reporting Standards– Batch–1, Level – II ) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက သင်တန်းတွင် လေ့လာသိရှိခဲ့ရသည့် စာရင်းစံဆိုင်ရာ အသိပညာဗဟုသုတများကို နိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရာတွင်လည်းကောင်း၊ အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သည့်လုပ်ငန်းအဖွဲ့အစည်းများ (Public Interest Entities) နှင့် နိုင်ငံပိုင်ကဏ္ဍအဖွဲ့အစည်းများရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေး အစီရင်ခံခြင်းကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ ရေးဆွဲထုတ်ပြန်ရာတွင်လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစံဆိုင်ရာ အသိပညာ၊ ဗဟုသုတများဖြင့် အကြံပြုချက်များ ပေးရာတွင်လည်းကောင်း၊ အစိုးရကပိုင်ဆိုင်သော အစုရှယ်ယာများပါဝင်သည့် ကုမ္ပဏီများ၏ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးရာတွင် စာရင်းစံများနှင့်အညီဖြစ်စေရေး စိစစ်ကြီးကြပ်ရာတွင်လည်းကောင်း ထိရောက်အကျိုးရှိစွာအသုံးချကြစေလိုကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ အမှတ်စဉ်(၁) အပိုင်း(၃)သို့ တက်ရောက်ပြီး ဘွဲ့လွန်ဒီပလိုမာရရှိရေး ဆက်လက်ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား ၁၄ ဦး၊ ဝန်ကြီးဌာနများမှ သင်တန်းသား ၄၃ ဦး စုစုပေါင်းသင်တန်းသား ၅၇ ဦး တက်ရောက်ပြီးမြောက်ခဲ့ပြီး အပိုင်း (၃) အထိ အောင်မြင်ပြီးမြောက်သူများအား ဒီပလိုမာဘွဲ့ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့်ကောင်စီဝင်များ၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ငွေဆောင်ကမ်းခြေ၌ လေ့လာလည်ပတ်

နေပြည်တော် ဒီဇင်ဘာ ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr. Sholban Kara–Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ငွေဆောင်ကမ်းခြေ၌ လေ့လာလည်ပတ် အပန်းဖြေကြပြီး ချစ်သူများကျွန်းသို့ သွားရောက်ကာ ကျွန်း၏သဘာဝအလှအပများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ငွေဆောင်မြို့အဝင်၌ ပြုလုပ်သည့် ရုရှား–မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ဒေသထွက်အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်ကာ ပုသိမ်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**




ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara–Ool ငွေဆောင်မြို့ အဝင်၌ ပြုလုပ်သည့် ရုရှား–မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara–Ool အား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသထွက်အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

# ဒုတိယဝန်ကြီး ဦးရဲတင့် ဗဟိုပုံနှိပ်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊ လုပ်ငန်းစဉ်အလိုက် အဆင့်ဆင့်စစ်ဆေးကြပ်မတ်ဆောင်ရွက်ရေး၊ အလေအလွင့်မရှိစေရေးနှင့် အချိန်မီပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်သွားရန် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဗိုလ်အောင်ကျော်လမ်းရှိ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်ရုံးခွဲသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ မှာကြားသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းစာကြည့်တိုက်သို့ ဝင်ရောက်ကြည့်ရှုပြီး စာကြည့်တိုက်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေး အားပေးစကားပြောကြားသည်။ **သတင်းစဉ်**



❖ **ကျောဖုံးမှ**

ကျော်သူလွင်(ခ) မွန်ချေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ စတင်ဖမ်းဆီးရမိခဲ့ပြီး ၎င်းငှားရမ်းနေထိုင်သည့် ပုသိမ်ကြီးမြို့နယ် အောင်မင်္ဂလာ (၁) ရပ်ကွက်ရှိ နေအိမ်၌ သိုဝှက်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀ သောင်း ၄ သိန်းကိုလည်းကောင်း၊ မန္တလေးမြို့ ၃၅ လမ်းနှင့် ၅၄ လမ်းထောင့်ရှိ ဟိုတယ်အခန်းတွင် ရောင်းချရန်အသင့်ထားရှိသည့် ဘိန်းဖြူ ၄၄၀ ဂရမ်ကိုလည်းကောင်း အသီးသီးဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၉ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁ သိန်း၊ ဘိန်းဖြူ ၄၄၀ ဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ အောင်ခိုင်မင်း(ခ)ဖိုးလုံးအား CRV ယာဉ်တစ်စီးနှင့်အတူ မန္တလေးမြို့ ၅၁ လမ်း ၁၂၃ x ၁၂၄ လမ်းကြား၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

✪ **ASEAN Cup မှ**

အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် လာအိုနိုင်ငံ၌ လာအိုအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး အင်ဒိုနီးရှားအသင်းနှင့် ကစားမည့်အုပ်စုအဖွင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MFF**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ သတ်မှတ်ထားသော အားကစား ကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင် ကစားကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ကွာတား ဖိုင်နယ်ပွဲစဉ်များကို ရွှေကြာပင် အားကစားရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်း တိုင်းဒေသကြီးအသင်းကို ရမှတ် (၁၀၁-၆၀) မှတ်၊ ကချင်ပြည်နယ် အသင်းက ကရင်ပြည်နယ်အသင်း ကို ရမှတ်(၆၅-၄၄)မှတ်၊ ရန်ကုန် တိုင်းဒေသကြီးအသင်းက ပဲခူး တိုင်းဒေသကြီးအသင်းကို ရမှတ် (၈၂-၅၇)မှတ်၊ မန္တလေးတိုင်း ဒေသကြီးအသင်းက ကယား ပြည်နယ်အသင်းကို ရမှတ် (၈၁-၄၂) မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက်ဘော်လီ ဘောပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (B)ရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲ တွင် ရန်ကုန်တိုင်းဒေသကြီးအသင်း က ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မကွေး တိုင်းဒေသကြီးအသင်းကို သုံးပွဲ ပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ တွင် ဧရာဝတီတိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို သုံးပွဲပြတ်၊ ကရင် ပြည်နယ်အသင်းက မွန်ပြည်နယ် အသင်းကို သုံးပွဲပြတ်ဖြင့် လည်း ကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစား ကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသမီးဖူဆယ် ဘောလုံးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း ဒေသကြီးအသင်းက တနင်္သာရီ တိုင်းဒေသကြီးအသင်းကို လေးဂိုး- သုံးဂိုး၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်း ကို ရှစ်ဂိုး-ဂိုးမရှိ၊ ဧရာဝတီတိုင်း ဒေသကြီးအသင်းက မွန်ပြည်နယ် အသင်းကို ငါးဂိုး-သုံးဂိုး၊ ကချင် ပြည်နယ်အသင်းက ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြ သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေး ကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင် ကစားကြရာ ကရင်ပြည်နယ် အသင်းနှင့် ရှမ်းပြည်နယ်အသင်း တို့က တစ်ဖက်တစ်ဂိုးစီဖြင့် သရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး ဧရာဝတီ တိုင်းဒေသကြီးအသင်းက ရခိုင် ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ် တန်း အမျိုးသားဘောလုံးပြိုင်ပွဲ များကို ပေါင်းလောင်းအားကစား ကွင်း၊ ရွှေကြာပင်အားကစားကွင်း နှင့်လယ်ဝေး TC-2 အားကစားကွင်း တို့၌ ယှဉ်ပြိုင်ကစားကြရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီး ဌာနအသင်းတို့က တစ်ဖက်တစ် ဂိုးစီ၊ စွမ်းအင်ဝန်ကြီးဌာနအသင်း နှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနအသင်းတို့က တစ်ဖက်တစ်ဂိုး စီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြ သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲ အုပ်စုပွဲစဉ် များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌ ကျင်းပရာ အမျိုးသား ကြက်တောင်ရိုက် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲ ပြတ်၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို သုံးပွဲ နှစ်ပွဲ၊ ရှမ်းပြည်နယ် အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို သုံးပွဲပြတ်၊ မန္တလေး တိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည် တော်အသင်းကို သုံးပွဲပြတ်၊ ပဲခူး တိုင်းဒေသကြီအသင်းက ကရင် ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကယားပြည်နယ်အသင်းက မွန် ပြည်နယ်အသင်းကို သုံးပွဲ နှစ်ပွဲ ဖြင့်လည်းကောင်း၊ အမျိုးသမီး ကြက်တောင်ရိုက် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီ တိုင်းဒေသကြီးအသင်းကို သုံးပွဲ ပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ကျင်းပရာ အမျိုးသားနှစ်ယောက် တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီး ဖိုင်နယ်ပွဲစဉ်တွင် ကရင်ပြည်နယ် အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်း ကို နှစ်ပွဲ တစ်ပွဲ၊ တတိယနေရာလုပွဲ တွင် မန္တလေးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ဗိုလ်လုပွဲစဉ်တွင်

**စာမျက်နှာ ၁၇ သို့** ☆



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်၌ ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးကီလို ၅၀ တန်း လက်ဝှေ့ ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ သဲမြတ်မွန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ သင်းသင်းအောင်တို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်၌ မွန်ပြည်နယ်အသင်း နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။




မသန်စွမ်းအမျိုးသား ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၌ မွန်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

☆ စာမျက်နှာ ၁၆ မှ

စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုကို ကရင်ပြည်နယ်အသင်းနှင့် တတိယဆုကို မန္တလေးတိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။

အမျိုးသမီး နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ တတိယနေရာလုပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ဗိုလ်လုပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို မွန်ပြည်နယ်အသင်း၊ ဒုတိယဆုကို ရခိုင်ပြည်နယ်အသင်းနှင့် တတိယဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းမြားပစ်ကွင်း (၁/၂)၌ ကျင်းပရာ အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ခုနစ်ယောက်အသာဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ခုနစ်ယောက်အသာဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂၅ မှတ်အသာဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးယောက်အသာဖြင့် လည်းကောင်း၊ အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ခုနစ်ယောက်အသာဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၈၉ မှတ်အသာဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၅၁ မှတ်အသာဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၇၆ မှတ်အသာဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး (အမျိုးသား/အမျိုးသမီး) လက်ဝှေ့ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ အမျိုးသား ၅၁ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ခန့်ဖြိုးကျော်က မွန်ပြည်နယ်မှ ထွန်းထွန်းအောင်ကို လည်းကောင်း၊ ချင်းပြည်နယ်မှ ရဲရင့်ထွေးက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ လင်းလင်းထွန်းကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သူရက တနင်္သာရီတိုင်းဒေသကြီးမှ မျိုးဇာနည်ထက် ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောရွှေဝင်းက ဧရာဝတီတိုင်းဒေသကြီးမှဖြိုးကျော်ကျော် ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ အာကာထက်ဝင်းက မကွေးတိုင်းဒေသကြီးမှ စွမ်းထက် ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ၅၄ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ စောလင်းအောင်က ရန်ကုန်တိုင်းဒေသကြီးမှ ကျော်စွာဝင်း ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ရှိုင်းငယ်က မွန်ပြည်နယ်မှ အောင်စည်သူ ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကိုကိုထွန်းက ကချင်ပြည်နယ်မှ ဇော်ထွယ်အောင်ကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝင်းထိုက်က ရခိုင်ပြည်နယ်မှ အောင်ထွန်းလွင် ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ တူးမောင်က ကရင်ပြည်နယ်မှ ဖြိုးညီညီ ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဘုန်းမြင့်မောင်က ရှမ်းပြည်နယ်မှ ဝေယံနိုင်ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ လင်းထက်က ရန်ကုန်တိုင်းဒေသကြီးမှ လွှမ်းမိုးအောင်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ စိုင်းနောင်က ချင်းပြည်နယ်မှ ဟိန်းထွဋ်အောင် ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောဟဲဒိုစေးက မွန်ပြည်နယ်မှ စောမျိုးသက်ပိုင်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်မျိုးဟန်က တနင်္သာရီတိုင်းဒေသကြီးမှ သန့်စင်ဝင်း ကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ရာဇာနေဝင်းက မကွေးတိုင်းဒေသကြီးမှ အာကာထက်မြတ်ကျော် ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ကီလို ၅၀ တန်း လက်ဝှေ့ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ခိုင်သဇင်ထွန်းက ကရင်ပြည်နယ်မှအေးမြသီတာဝင်း ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ သဲမြတ်မွန်က ဧရာဝတီတိုင်းဒေသကြီးမှ သင်းသင်းအောင် ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မြမိုးသူက မွန်ပြည်နယ်မှ လဲ့လဲ့ဖြူကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

မသန်စွမ်း အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲအုပ်စုပတ်လည်ပြိုင်ပွဲများကို လယ်ဝေး TC-2 အားကစားရုံ၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။ **သတင်းစဉ်**




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ၅၁ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ထွန်းထွန်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ခန့်ဖြိုးကျော်တို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။

# အသိမှသည် လေ့ကျင့်မှု၊ အလေ့အကျင့်မှသည် ယှဉ်ပြိုင်ခြင်းဆီသို့

**မိုးကေနိုင်**

**အားကစားမှပေးသော အကျိုးကျေးဇူးများက များပြားလှပါသည်။ သိသာထင်ရှားသော ရုပ်ပိုင်းဆိုင်ရာ အကျိုးတရားများအပြင် မမြင်သာသော စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကိုလည်း ရရှိစေပါသည်။ အားကစားနည်းတစ်ခုကို ကိုယ်တိုင်ကျင့် ကိုယ်တိုင်ပြိုင်ပြီး မိမိကိုယ်မိမိ ယုံကြည်မှု ပိုရှိလာခြင်းမှာ အထူးအဆန်းမဟုတ်ပါ။ ဝီရိယထား မဆုတ်မနစ် ကြိုးစားရသည့်အတွက် ဖွဲ့ကောင်းလာမည်။ အားကစားကြောင့် မိမိကျန်းမာရေး၊ မိမိကိုယ်ရည်ကိုယ်သွေးများကို လေးစားတန်ဖိုးထားတတ်လာမည်။ အာဟာရကို မျှတအောင် စားသောက်နေထိုင်ရသည့်အတွက်လည်း ရရှိလာသော ညီညွတ်မျှတသည့် အာဟာရအလေ့အကျင့်သည် မိမိခန္ဓာဖွံ့ဖြိုးမှုကို အထောက်အကူပြုသည်သာဖြစ်သည်။**

မည်သည့်အားကစားနည်းမဆို ကိုယ်တွင်းမှ ထွက်ရှိလာသည့် endophin ဟော်မုန်းတစ်မျိုးကြောင့် အားကစားသမားများမှာ စိုးရိမ်သောက စိတ်ဓာတ်ကျဝေဒနာများ လျော့ပါးသွားသည့်အတွက် အားကစားကို ကျန်းမာရေးကုထုံးတစ်ခုအသွင် အသုံးချသင့်သည်ဟု နားလည်လာသည်။ မကြာမီကျင်းပတော့မည့် အမျိုးသားအားကစားပြိုင်ပွဲကြီးကို ဝန်ကြီးဌာနအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် နှစ်ဆင့်ကျင်းပမည်ဖြစ်ရာ ဝန်ကြီးဌာနအဆင့်တွင် ပြေးခုန်ပစ်၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘောကစားနည်း ခြောက်မျိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင် ၎င်းခြောက်မျိုးအပါအဝင် ဘတ်စကက်ဘော၊ ကြက်တောင်၊ ဘိလိယက်၊ စနူကာ၊ လက်ဝှေ့၊ ကာယဗလ၊ ခရစ်ကက်၊ ဂျူဒို၊ ကရာတေး၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ရိုးရာခြင်းလုံး၊ မြန်မာ့သိုင်း၊ ဗိုဗီနမ်၊ အလေးမနှင့် ဝူရှူးကစားနည်းပေါင်း ၂၃ မျိုး ပါဝင်မည်ဖြစ်ပါသည်။ အထက်ပါအားကစားနည်းအားလုံးသည် ကစားနည်းတစ်မျိုးချင်းအလိုက် ရုပ်ပိုင်း၊ စိတ်ပိုင်းနှစ်ခုလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းမှုများစွာကိုပေးသော အားကစားနည်းများဖြစ်ကြသည်။ သို့ဖြစ်၍ ကစားနည်းအလိုက် အကျိုးကျေးဇူးများ မည်သို့ရရှိ၍ မည်သို့အကျိုးဖြစ်ထွန်းကြောင်း အားကစားတစ်ခုချင်း၏ အနှစ်သာရများကို ဤနေရာကနေ ရေးသားဖော်ပြလိုပါသည်။

### လူကြိုက်အများဆုံးသော ဘောလုံးအားကစား

ဘောလုံးအားကစားသည် လူကြိုက်အများဆုံး၊ အားပေးမှုအများဆုံးသော ကစားနည်းတစ်ခုဖြစ်သည်။ ထည်ထည်ဝါဝါ၊ ခမ်းခမ်းနားနား၊ အဆင့်မီမီဖြင့် မကြာမီကျင်းပတော့မည့် ပဉ္စမအကြိမ်မြောက် နိုင်ငံတော်အဆင့် အမျိုးသားအားကစားပြိုင်ပွဲတိုင်းမှာ မပါမဖြစ် ထည့်သွင်းရသည့် ပြိုင်ပွဲအမျိုးအစားလည်း ဖြစ်သည်။ မိနစ် ၉၀ ခန့်ဖြင့် ၁၀ ကီလိုမီတာဝန်းကျင်ကို မနားတမ်းလှုပ်ရှား ရွေ့လျားပြီးမှ ရရှိလာသည့် ခံနိုင်ရည်နှင့် သက်လုံသည် ခန္ဓာတွင်းအဆီနှင့် ကယ်လိုရီကို များစွာလောင်ကျွမ်းစေပြီး နှလုံးနှင့်သွေးကြောများကို အားကောင်းစေပါသည်။

အောက်ဆီဂျင်ကို ကြွက်သားများဆီ ကောင်းစွာရောက်ရှိစေသည့်အတွက် ခန္ဓာကိုယ်အတွက် aerobic capacity တစ်မျိုးကို ရရှိစေသည်။ ရလဒ်က သွေးတိုးရောဂါ လျော့ကျသွားခြင်းဖြစ်သည်။ ကန်မယ်၊ လုယူမယ်၊ အလိမ်အခေါက်၊ အခုန်၊ လှည့်ပြောင်းလှုပ်ရှားမှု အစုံအစုံမှာ ခြေထောက်အပြင် ခန္ဓာကိုယ်အပေါ်အားကိုပါအသုံးပြုရ၍ ခန္ဓာတစ်ခုလုံးကို ကြံ့ခိုင်သန်စွမ်းသွားစေသည်။ ပြေးလွှား



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

လှုပ်ရှား အားကုန်သုံးရသော ကစားနည်းများတွင် အပေါ်ခန္ဓာအလေးချိန်ကို အောက်ပိုင်းခန္ဓာက ထိန်းထားရသည်ဖြစ်၍ အရိုးအဆစ်များကို ပို၍ အားကောင်းစေပါသည်။

အမြန်နှင့်အရှိန်ကို ဟန်ချက်ညီစွာ သတ်မှတ်နေရာအရောက် မျက်စိနှင့် ဦးနှောက်ကို အသုံးချ၍ တစ်ပြိုင်တည်းချိန်ကိုက်လှုပ်ရှားရသော ယှဉ်ပြိုင်မှုတိုင်းတွင် အနိုင်ရရန်မှာ ရည်မှန်းချက်တူ ကစားသမားအချင်းချင်း မညှိနှိုင်းမပေါင်းစပ်ဘဲ အပြန်အလှန် မထောက်ကူဘဲ မည်သို့သော အောင်မြင်မှုမှ မရနိုင်ပါ။ ဘောလုံးကို ဘယ်သူ့ဆီ ဘယ်အချိန်မှာ ဘယ်လိုပေးရမလဲ၊ မိမိခံစစ်ဇုန်အတွင်း ဘယ်လိုခုခံကာကွယ်မလဲ ဆုံးဖြတ်ချက်ကို မြန်မြန်ချနိုင်မှုက အာရုံစူးစိုက်နိုင်မှုတွင် အဓိကမူတည်သည်။

### ဖူဆယ်၊ ဘော်လီဘော၊ ဘတ်စကက်ဘောနှင့် ပိုက်ကျော်ခြင်း

နောက်အားကစားနည်းတစ်ခုက ယနေ့ခေတ်မှာ ရေပန်းစားလာသော ဖူဆယ်ဂိမ်း ဖြစ်သည်။ ဘောလုံးနှင့် ကွာခြားချက်က indoor game ဖြစ်ပြီး ဘောလုံးနှင့် ထိတွေ့မှုများရသည့်အတွက် အပါးခိုလို့မရ၊ ပိုပြေး၊ ပိုလှုပ်ရှားရသည်၊ အလေးချိန်ပိုသည့် ဘောလုံးကို အသုံးပြုရသည့်အတွက် ပါဝါပိုသုံးရသည်။ အားသာချက်က ကွင်းကြီးကစားရာတွင် လိုအပ်သည့် အရည်အသွေးအားလုံးကို ဖူဆယ်က ပံ့ပိုးပေးနိုင်ခြင်းဖြစ်သည်။ ဖူဆယ်ကစားသူသည် ကွင်းကြီးကစားသည့်အခါ ပို၍ကျွမ်းကျွမ်းကျင်ကျင် ကစားနိုင်လာသည်ကို တွေ့ရသည်။

ထိုနည်းတူ အခြားသောခွန်အားသုံးပြီး အဖွဲ့လိုက်ယှဉ်ပြိုင်ရသည့် ဘော်လီဘောနှင့် ဘတ်စကက်ဘော ကစားနည်းများ၏ အကျိုးကျေးဇူးများမှာလည်း အနီးစပ်ဆုံး တူညီမှုရှိကြသည်ကို တွေ့ရသည်။ ကြွက်သားအရိုးအဆစ်တို့၏ သိပ်သည်းဆ အားကောင်းလာသည့်အခါ ခွန်အားနှင့် ခံနိုင်ရည်မှာလည်း တိုးတက်လာသည်။ များများလေ့ကျင့်က ခြေထောက်ကြွက်သားများ သန်မာလာပြီး အမြင့်ခုန်အားကောင်းလာသည်ကို တွေ့ရသည်။ အထူးသဖြင့် မိန်းကလေးများတွင် လျင်မြန်စွာ တုံ့ပြန်နိုင်စွမ်းနှင့် စိတ်ပိုင်းဆိုင်ရာ ခံနိုင်ရည်အားမှာ သိသိသာသာ တိုးတက်လာသည်ဟု ဆိုထားပါသည်။

ဘော်လီဘောကဲ့သို့ပင် နောက်ထပ်အဖွဲ့လိုက်၊ အတွဲလိုက်ကစားရသည့် အားကစားနည်းများမှာ ပိုက်ကျော်ခြင်းနှင့် ရိုးရာခြင်းလုံးကစားနည်းများဖြစ်သည်။ ခြေခွင်၊ ခြေဖျား၊ ခြေဖနောင့်၊ ဒူး၊ ခေါင်းစသည့် ခန္ဓာကိုယ်အပေါ်အောက် အစိတ်အပိုင်းများကို လိုသလိုအသုံးပြုပြီး ခြင်းလုံးကို မြေသို့မကျအောင် ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ကစားဖော်အချင်းချင်း တစ်ဦးအားနည်းချက်ကို ကျန်ကစားဖော်များ၏ အားသာချက်ဖြင့် ကာရံပေးခြင်း၊ တစ်ဦး၏ အားသာချက်ကို အကောင်းဆုံးအသုံးချနိုင်အောင် ဝန်းရံပေးခြင်း၊ တစ်ဖက်အားနည်းချက်ကို ရအောင်ရှာဖွေ၍ မိမိအနိုင်ရအောင်ကစားခြင်း၊ မိမိအားသာချက်ကို အသုံးချ၍ ပြိုင်ဘက်ကိုအနိုင်ယူခြင်းစသည့် အကျိုးတရားများကို ဤကစားနည်းများက ပေးစွမ်းနိုင်ပါသည်။

### ဂေါက်သီး၊ ကြက်တောင်၊ တင်းနစ်နှင့် ခရစ်ကက်

တစ်ဦးချင်းယှဉ်ပြိုင်ရသော ဂေါက်သီးရိုက်အားကစား၏ အကျိုးကျေးဇူးများကိုလည်း ဆက်လက်လေ့လာကြည့်ရအောင်ပါ။ လူကြီးလူငယ်မရွေး အပန်းဖြေအားကစား Social sport တစ်မျိုးဖြစ်၍ ထိခိုက်မှုအနည်းဆုံးသော ကစားနည်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ၁၈ ကျင်းရှိ အကွာအဝေးတစ်ခုအတွင်း ခြေလှမ်း ၁၃၀၀၀ ခန့်မျှ လမ်းလျှောက်ရသည်ဖြစ်၍ လေကောင်းလေသန့် ပတ်ဝန်းကျင်မှာ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကိုရရှိပြီး နာတာရှည် ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို များစွာလျော့ကျစေပါသည်။

လူမှုဆက်ဆံရေး ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးနိုင်ခြင်းက စိတ်ကျစိတ်ဖိစီးမှုများကို လျှော့ချပေးပြီး ကျေနပ်ပျော်ရွှင်မှုကိုရရှိကာ သက်ရှည်ကျန်းမာစိတ်ချမ်းသာရေးကို များစွာ အထောက်အကူပြုပါသည်။ ပုံမှန်ကစား၍ နေရောင်ခြည်ပုံမှန်ရသည့်အတွက် Vit D ချို့တဲ့ခြင်းမှလည်း ကာကွယ်ပေးသည်။ ထို့ပြင် အသည်းလုပ်ငန်းကိုပါအားပေးပြီး ကြွက်သားနှင့် အရိုးအဆစ်များကို သန်မာစေကာ အာရုံစူးစိုက်မှုကိုလည်း ပို၍ကောင်းလာစေသည်ဟု သုတေသီများက ဆိုထားပါသည်။

နောက်ထပ် ကြက်တောင်၊ စားပွဲတင်တင်းနစ်နှင့် ခရစ်ကက်ကစားခြင်း၏ အကျိုးကျေးဇူးများကား ဘာတွေဖြစ်နိုင်ပါသလဲ။ လက်ရော၊ ခြေပါ အဓိကအားပြု အဆက်မပြတ်လှုပ်ရှားရပြီး ချွေးအထွက်များခြင်းကြောင့် ခန္ဓာတွင်း အချို၊ အငန်၊ အဆီဓာတ်များလျော့ကျရာမှ ခန္ဓာကိုယ်အလေးချိန်လျော့ကျလာပြီး ဆီးချိုနှင့် သွေးတိုးရောဂါများကုသရာတွင် များစွာအထောက်အကူဖြစ်စေပါသည်။ မိသားစု၊ သူငယ်ချင်းများနှင့်အတူ ပျော်ပျော်ပါးပါး ကစားဖြစ်သော အားကစားနည်းများလည်းဖြစ်သည်။ ၎င်းကစားနည်းများက သင်၏ဦးနှောက်လုပ်ငန်းကိုပါ မြင့်မားစေကာ ဆုံမှတ်တစ်ခုအပေါ်တွက် ဟန်ချက်ညီညီ လှုပ်ရှားကြသည့် လက်နှင့်မျက်လုံးတစ်စုံ၏ ညှိနှိုင်းတာဝန်ယူကြပုံ အနေအထားကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။

### ဘိလိယက်၊ ကာယဗလနှင့် အလေးမ

နောက်ထပ်အားကစားနည်းတစ်ခုကား အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်များတွင် ဆုတံဆိပ်များရယူခဲ့ဖူးသော ဘိလိယက်နှင့် စနူကာဖြစ်သည်။ ၎င်းကစားနည်းကို အားပေးရသည်မှာ ရင်သပ်ရှုမောဖြစ်ရပြီး အင်အားပါဝါမသုံးဘဲ ကစားရသော ကစားနည်းမဟုတ်မှန်း သိသာပါသည်။ စိတ်ရော ကိုယ်ပါ မြှုပ်နှံပြီးမှ ကိုယ်နေဟန်ထားညွတ်ကိုင်း တိမ်းယိမ်းမှုဖြင့် ခန္ဓာကိုယ်ကို လိုရာရွေ့လျားစေသည်။ လက်လှုပ်ရှားမှုနှင့်အတူ မျက်လုံးနှင့် လက်အနေအထားကို တိတိကျကျ မှန်မှန်ကန်ကန်ဖြင့် ကျူတံနှင့် ဘောလုံး ထိုးချက် ထိုးကွက် မှန်နေအောင် အခြားကစားနည်းများထက် အကြိမ်ပေါင်းများစွာ ဖွဲ့ရှိရှိဖြင့် ကြိုးစားအားထုတ်ရသော ကစားနည်းဖြစ်သည်။

ပြိုင်ဘက်၏အားနည်းချက်ကိုရှာ၍ သင်ခန်းစာယူသင့်သည်ကိုယူပြီး ဆုံးဖြတ်ချက်မှန်စွာဖြင့် ထိုးရသည့်အတွက် သင်၏ စိစစ်အကဲဖြတ်သုံးသပ်နိုင်စွမ်းကို တိုးတက်စေသည်။ စိတ်အားထက်သန်မှုအပြည့်ဖြင့် စိတ်ရှည်ရန် လိုအပ်သည့်အတွက်လည်း မိမိ၏သည်းခံနိုင်စွမ်းမှာ တိုးတက်လာမည်ဖြစ်သည်။

နောက်အားကစားနည်းများမှာ ကာယဗလနှင့် အလေးမဖြစ်သည်။ ကာယဗလနှင့် ပတ်သက်လျှင် မော်လ်ဒိုက်နိုင်ငံ၌ ကျင်းပခဲ့သည့်(၁၅)ကြိမ်မြောက် ကမ္ဘာ့ကာယဗလပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ်ရရှိသည့်

စာမျက်နှာ ၁၉ သို့ ❐

❖ **ဘောလုံးအားကစားသည် လူကြိုက်အများဆုံး၊ အားပေးမှုအများဆုံးသော ကစားနည်းတစ်ခုဖြစ်သည်။ ထည်ထည်ဝါဝါ၊ ခမ်းခမ်းနားနား၊ အဆင့်မီမီဖြင့် မကြာမီကျင်းပတော့မည့် ပဉ္စမအကြိမ်မြောက် နိုင်ငံတော်အဆင့် အမျိုးသားအားကစားပြိုင်ပွဲတိုင်းမှာ မပါမဖြစ်ထည့်သွင်းရသည့် ပြိုင်ပွဲအမျိုးအစားလည်းဖြစ်သည်။ မိနစ် ၉၀ ခန့်ဖြင့် ၁၀ ကီလိုမီတာဝန်းကျင်ကို မနားတမ်းလှုပ်ရှား ရွေ့လျားပြီးမှ ရရှိလာသည့် ခံနိုင်ရည်နှင့် သက်လုံသည် ခန္ဓာတွင်းအဆီနှင့် ကယ်လိုရီကို များစွာလောင်ကျွမ်းစေပြီး နှလုံးနှင့်သွေးကြောများကို အားကောင်းစေ**

❖ **ဂေါက်သီးရိုက်ခြင်းဖြင့် လူမှုဆက်ဆံရေး ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးနိုင်ခြင်းက စိတ်ကျစိတ်ဖိစီးမှုများကို လျှော့ချပေးပြီး ကျေနပ်ပျော်ရွှင်မှုကိုရရှိကာ သက်ရှည်ကျန်းမာစိတ်ချမ်းသာရေးကို များစွာအထောက်အကူပြု**

## ဇေယျာသီရိမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/ နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးလက်လမ်းတည်ဆောက်ခြင်း လုပ်ငန်းခွင်များသို့ ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်းတာဝန်ခံ အင်ဂျင်နီယာချုပ်ဦးထွန်းဝေနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်ဦးတို့က ခရိုင်နှင့်မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့်အတူ လမ်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးစေရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**



## ဟသ်ာတမြို့နယ်၌ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ဟသ်ာတ ဒီဇင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီက ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက အမှာစကားပြောကြားပြီး ဟသ်ာတခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်က ခုခံအားကျဆင်းမှုကူးစက်ရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသူများက ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်တွင် ဆေးဝါးအထောက်အကူပြုပစ္စည်းများ၊ HIV/ AIDS ရောဂါ ကာကွယ်သည့်ဆေးဝါးများ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံများကို လေ့လာကြည့်ရှုကြပြီး ကျန်းမာရေးဝန်ထမ်းများက ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ပေါင် ဒီဇင်ဘာ ၆

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲ ၁ နာရီက ပေါင်မြို့နယ် အလက ပုသိမ်ကွင်း၌ ကျင်းပသည်။




ဦးစွာ အလကပုသိမ်ကွင်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာသိန်းက အဖွင့်အမှာစကား ပြောကြားပြီး ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာစိုးက လူငယ် စကားဝိုင်းများ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းတွင် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာစိုးက အစီအစဉ် တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး အလကပုသိမ်ကွင်းမှ ကျောင်းသားကျောင်းသူများက လူငယ်နှင့် ကျန်းမာရေး၊ ကျောင်းသားနှင့်အားကစား၊ လူငယ်နှင့်ပညာရေး၊ ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲနှင့်အဏ္ဏဝါဂေဟာစနစ် ထိခိုက်မှုဆိုင်ရာ အချက်အလက်များ၊ ကျောင်းသားနှင့်စည်းကမ်း စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မွန်မလေး ( ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## တပ်ကုန်းမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

တပ်ကုန်း ဒီဇင်ဘာ ၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/ နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်းတည်ဆောက်ခြင်းလုပ်ငန်းခွင်များသို့ ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်းတာဝန်ခံ အင်ဂျင်နီယာချုပ်ဦးထွန်းဝေနှင့် ဒုတိယညွှန်ကြားရေးမှူးဦးမြင့်လွင်ဦးတို့က ခရိုင်နှင့်မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့်အတူ လမ်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**


### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃-ရပ်ကွက်၊ ဒေဝဗဟ (၃၈)လမ်း၊ တိုက်အမှတ် (၁၃၇၁) (မြေညီထပ်)တွင် တည်ရှိသော မြတ်မြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက် [၎င်းကုမ္ပဏီ၏ကိုယ်စား မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းထွန်းဦး [၅/မကန(နိုင်) ၀၃၅၁၇၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ မြတ်မြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်သည် အလုပ်သမားဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုမိန့်၊ လိုင်စင်အမှတ်-၀၃၆/၂၀၂၄ အရ ပြည်ပအလုပ်အကိုင်ရှာဖွေရေးနှင့် ပြည်ပသို့ အလုပ်သမားများအား တရားဝင်စေလွှတ်သည့်လုပ်ငန်းအား ကောင်းမွန်သော ဂုဏ်သတင်းဖြင့် ယနေ့အချိန်အထိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

မြတ်မြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်အနေဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် တရားဝင်ခန့်အပ်ထားသော ကုမ္ပဏီအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များနှင့်သာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းထွန်းဦး၏ ခွင့်ပြုချက်မရှိဘဲ မြတ်မြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက် အမည်အားအလွဲသုံးစားပြုလုပ်၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ Online မှသော်လည်းကောင်း၊ Facebook Page, Social Media များ၊ Website များအတုပြုလုပ်၍သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်း၊ လူစုဆောင်းခြင်း၊ အလုပ်သမားများအား နိုင်ငံခြားသို့ စေလွှတ်ခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဖြစ်ပေါ်လာသော ကိစ္စရပ်များအား မြတ်မြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်မှ တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်းနှင့် ထိုသို့ပြုလုပ်သူများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဟိန်းစိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**



### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ မြေကွက်အမှတ်-၅၆၇၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးခင်မောင်စန်း [၁၂/ဗဟန(နိုင်)၀၇၀၂၄၂] တစ်ဦးတည်း တရားဝင်အမည်ပေါက်ပိုင်ဆိုင်လက်ရှိဖြစ်သည့်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို နိုင်ငံတော်မှ မူလမြေချပါမစ်ဖြင့် စတင်ချထားပေးခဲ့သည့် ၁၉၉၀ ခုနှစ်မှ ယနေ့အချိန်အထိ ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးတည်း၏အမည်ဖြင့် အစဉ်တစိုက် တရားဝင် အမည်ပေါက်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေသည် အဆိုပါမြေကွက်အား ယနေ့အချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း အပါအဝင် လက်ရောက်ပေးအပ်ထားရှိခြင်းတို့မရှိခဲ့ပါ။ ထို့ကြောင့် အဆိုပါမြေကွက်အား အထက်ပါအတိုင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းမှုများကို ပြုလုပ်ခဲ့မည်ဆိုပါက ယင်းသို့ပြုလုပ်မှုအားလုံးသည် ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ပတ်သက်၊ သက်ဆိုင်မှု လုံးဝမရှိသည့်အပြင် ကျွန်ုပ်တို့၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏မိတ်ဆွေ အမည်ပေါက် မြေကွက်အပေါ်၌ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျူးကျော်ဝင်ရောက်ခြင်း၊ လက်ရှိထားရှိခြင်း၊ ပိုင်ဆိုင်ကြောင်းကြေညာခြင်း၊ ရောင်းချခြင်း၊ စီမံဆောင်ရွက်ခြင်း အပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်းနှင့် အကယ်၍ ယင်းကဲ့သို့ပြုလုပ်ထားရှိပါက ပြုလုပ်သူမည်သူကိုမဆို ရာဇဝတ်မှုအပါအဝင် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာအောင်(LL.B, LL.M)** **ဦးညီနပ်( LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၂၅)** **အထက်တန်းရှေ့နေ (စဉ်-၂၉၃၆၁)**
**အမှတ်-၄၈/၅၀(မြေညီ)၊ အခန်း(၁)၊ (၃၆)လမ်း(ရိပ်သာ)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၃၁၀၉၊ ၀၉-၄၂၀၁၂၂၁၈**


## သွေးသည် အသက်


### အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် (၄၂၁)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၄၂၁)၊ နီလာ (၃) လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်သူ ဦးတင်ဝင်း [၁၂/ဥကမ (နိုင်) ၀၀၇၅၄၃]မှ သမီးဖြစ်သူ ဒေါ်တင်တင်မြိုင် [၁၂/ဥကမ(နိုင်) ၀၀၅၉၈၀]နှင့် သားဖြစ်သူ ဦးကျော်လင်း [၁၂/ဥကမ(နိုင်) ၀၀၆၃၈၉] သို့ အဖိုးစားနားရယူခြင်းမရှိဘဲ မေတ္တာဖြင့် အပိုင်ပေးကမ်းပါသည်။ ဤမြေကွက်ကို မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝင်း**
**[၁၂/ဥကမ(နိုင်)၀၀၇၅၄၃]**
**အမှတ် (၄၂၁)၊ နီလာ(၃)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၄၅၀၉၉၇၀၀၀**



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၃၊ မြေကွက်အမှတ်-၉၅၃/က၊ မြေကွက်တည်နေရာအမှတ်(၉၅၃/က)၊ သီတာ(၄)လမ်း၊ (ထ/၁၆) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဧရိယာ (၀.၀၂၇)ဧက၊ ဦးနိုင်ဝင်း [၁၂/အစန(နိုင်)၀၁၉၁၁၀] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးနိုင်ဝင်းသည် (၁၃-၃-၂၀၁၄)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်ခင်မာလာ [၁၂/ရပသ(နိုင်)၁၀၈၆၂၆]မှ ၎င်းနှင့် ဦးနိုင်ဝင်းသည် တရားဝင် လက်ထပ်ထိမ်းမြားပေါင်းသင်း၍ အတူနေထိုင်ခဲ့ကြောင်း၊ ဦးနိုင်ဝင်း ကွယ်လွန်ပြီးနောက် အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦနှင့်တကွ သီးပင်၊ စားပင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ဇနီးဖြစ်သူ ဒေါ်ခင်မာလာတစ်ဦးတည်းသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ အမွေဆက်ခံပိုင်ဆိုင်ခွင့်မရှိသည်မှာ မှန်ကန်ပါကြောင်း ကိုယ်တိုင်ကျိန်ဆိုထားသည့် လသာမြို့နယ်တရားရုံး ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် ၆/၃၈၆/၂၀၂၄(၁၀-၆-၂၀၂၄)၊ ခင်ပွန်းဖြစ်သူသည် (၁၉၉၂)ခုနှစ်က ဘဏ်ချေးရန် မြေပုံမြေရာဇဝင် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဘဏ်တွင် ချေးယူခဲ့ခြင်းမရှိဘဲ မြေပုံပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း၊ ပြဿနာ တစ်စုံတစ်ရာမရှိပါကြောင်း၊ မည်သည့်ဘဏ်တွင်မျှ အပေါင်ခံထားခြင်းမရှိပါကြောင်းနှင့် ဘဏ်ချေးမြေပုံပျောက်ဆုံးသွားခြင်းမှာ မှန်ကန်ပါကြောင်း ပန်းဘဲတန်းမြို့နယ်တရားရုံးကျမ်းကျိန်မှတ်ပုံတင်အမှတ်-၃၀၆၇/၂၇-၉-၂၀၂၄၊ အသိသက်သေ (၂)ဦး၏ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉/သမိုင်း၊ မြေကွက်အမှတ်-၁၃/ခ၊ ဧရိယာ ၀.၂၂၂ဧက မြေကွက်တည်နေရာအမှတ်(ဆ/၂၀)၊ သမာဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးတင်ဝင်း [၁၂/မရက(နိုင်) ၀၅၃၃၉၆] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်ဝင်းသည် ၈-၁-၂၀၂၀ရက်နေ့တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်စန်းဝင်းသည် ၁၇-၅-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ သားတစ်ဦးဖြစ်သူ မောင်အောင်ကိုကိုဝင်းသည် ၂၄-၉-၂၀၂၄ရက်နေ့တွင်လည်းကောင်း၊ ချွေးမဖြစ်သူ မမေခိုင်အေးသည် ၁၇-၁၁-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ သားတစ်ဦးဖြစ်သူ မောင်ရဲထွဋ်ဝင်းသည် လူပျိုကြီးဘဝဖြင့် ၁၈-၁၀-၂၀၀၃ ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်သန္တာဝင်း [၁၂/မရက(နိုင်)၁၀၀၃၃၃]၊ ဒေါ်နီနီရွှေဝင်း[၁၂/မရက(နိုင်)၁၆၀၃၅၄]၊ မောင်ညီနိုင်ဝင်း[၁၂/ဗဟန(နိုင်)၁၀၃၂၁၆]၊ မောင်ဟိန်းနန္ဒာဝင်း (ဦးအောင်ကိုကိုဝင်း၏အစု)[၁၂/မရက(နိုင်)၁၉၁၅၁၁]၊ မအိချယ်ရီဝင်း (ဦးအောင်ကိုကိုဝင်း၏အစု) [၁၂/မရက(နိုင်)၁၉၁၅၁၀]တို့မှ သား၊ သမီးမြေးများ တော်စပ်ကြောင်း၊ သားသမီးအရင်းချာ(၃)ဦးနှင့်မြေးအရင်း(၂)ဦးတို့ကသာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အမွေဆက်ခံရန်ကျန်ရှိပါကြောင်း၊ အခြားသော အမွေဆက်ခံရန် မွေးစားသားသမီးများ မရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၀/၃၁၁/၂၀၂၄(၇-၁၀-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀) မြေငှားဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်သိန်းသိန်းထိုက်(ဘ)ဦးသန်းအောင် [၉/မအဇ(နိုင်)၀၃၄၆၅၃] နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ (၅၂ x ၅၃)လမ်းကြား၊ (၁၂၀)မင်းကြီးရန်နောင်လမ်း၊ ညည-၅၉/၅၄ နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်အောင်မိုး(ဘ)ဦးခင်သန်း [၁၂/ခရန(နိုင်)၀၉၈၈၄၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်သိန်းသိန်းထိုက်နှင့် အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်အောင်မိုးနှင့် ဒေါ်သိန်းသိန်းထိုက်တို့တွင် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများအဖြစ် အောက်စာရင်းပါ ပစ္စည်းများ ကျန်ရှိပါသည်-

(၁) မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ (၅၂-A/B)လမ်းကြား၊ (၁၂၀)မင်းကြီးရန်နောင်လမ်း၊ ညည-၅၉/၅၄၊ မြေအကျယ်(၁၅)ပေ x (၆၀)ပေရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (မြောက်လှည့်) RC နှစ်ထပ်ခွဲ နေအိမ် အဆောက်အဦတစ်လုံး။

(၂) မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ (၁၂၀)မင်းကြီးရန်နောင်လမ်း၊ ၁၂၀/၁၂၁ ကြား၊ ၅၂-A၊ ညည-၅၉၊ မြေအကျယ်(၁၅)ပေ x (၄၀)ပေရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်ရှိ သံဖရိန်အုတ်ညှပ်တစ်ထပ်နေအိမ် အဆောက်အဦတစ်လုံးနှင့် အိမ်တွင်း ပစ္စည်းများအားလုံး၊

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို ဦးတင်အောင်မိုး၏ သဘောတူညီချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ အမည်ပြောင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးတင်အောင်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြတ်မွန်ဆွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၄၉)**
**ဘုရားလမ်း၊ အမှတ်(၃)ရပ်ကွက်၊ ခရမ်းမြို့။**
**ဖုန်း-၀၉-၄၂၀၃၇၅၄၉၊ ၀၉-၇၉၆၂၆၉၃၀၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးမြသီတာအောင် (ဘ) ဦးအောင်သိမ်း[၁၂/ဗဟန(နိုင်)၀၇၇၉၂၆] ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၁၀၁၀၈၈၈**

## အမည်မှန်

ဖျာပုံမြို့၊ TTA ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade (12)မှ ဦးမော်ဂန်း၏သား မောင်လင်းထက်ကျော်၏ အမည်မှန်မှာ မောင်လင်းသက်ကျော် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ကျော်သူ(၂၀)အောက်လမ်း၊ မြေကွက်အမှတ်(၇၅၃/ခ)ဟုခေါ်တွင်သော အလျားxအနံ (၂၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်ဦးထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဝေဝေစိုး [၁၀/သတန(နိုင်)၀၅၆၅၅၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သော်သော်စန္ဒီဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၁၄)**
**Ph:09-43093746**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ အင်လမ်း၊ အမှတ်(၂၀)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်(၄-လွှာ)(ခေါင်းရင်းခန်း)တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့်အကျိုးခံစားခွင့်တို့အား (၁၅-၂-၂၀၀၉)ရက်စွဲပါစာချုပ်အရ တရားဝင်လက်ရှိထားပိုင်ဆိုင်ထားသူ **ဦးဝေလင်းမြင့် (၉/မနတ (နိုင်) ၀၀၁၁၆၂)**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၃၃)
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၈၅၅၅၀၂၅၄

## လင်မယား ကွာရှင်းပြတ်စဲပြီးပါကြောင်း ဒေါ်မေသူခိုင်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်ထွန်း [၅/ဝလန(နိုင်)၁၂၆၀၄၀] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာအပိုင်း(၂)၊ တိုက်အမှတ်(၁၇)၊ အခန်း(၅၀၃)နေ ဦးအောင်နိုင်ထွန်း [၅/ဝလန(နိုင်)၁၂၆၀၄၀] သည် ဒေါ်မေသူခိုင် [၁၂/လမန(နိုင်)၁၅၉၆၆၆] အား လှိုင်မြို့နယ်တရားရုံးတော်တွင် လင်မယားကွာရှင်းပေးစေလိုမှု စွဲဆိုခဲ့ရာ ရုံးတော်မှ (၂၀-၁၁-၂၀၂၄)ရက်နေ့တွင် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခွင့်ရထိုက်ကြောင်း တစ်ဖက်သတ်အနိုင်ဒီကရီချမှတ်ခဲ့ပြီး ယင်းစီရင်ချက်အမိန့်နှင့် ဒီကရီကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၆-၁၁-၂၀၂၄) ရက်စွဲတွင် စာအမှတ်(၃၈၇၇၇/၂၀၂၄/၁၅၅၇)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်နိုင်ထွန်းနှင့် ဒေါ်မေသူခိုင်တို့သည် လူမှုရေးအရသော်လည်းကောင်း၊ ဥပဒေကြောင်းအရသော်လည်းကောင်း လုံးဝသက်ဆိုင်မှုမရှိတော့ပါကြောင်း ဒေါ်မေသူခိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နန်းဝင်းဝင်းသန့်(LL.B,D.B.L,D.I.L)** | **ဒေါ်သွယ်သွယ်ထွေး(LL.B),(D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၀၀)** | **တရားလွှတ်တော်ရှေ့နေ(Advocate)(စဉ်-၁၄၂၃၇)** |
| **ရုံး- အမှတ်(၈၇၁/က)၊ ပထမထပ်(A)၊** | **စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။** |
| **ရတနာပုံ(၄)လမ်း၊ (၉)ရပ်ကွက်၊** | **ဖုန်း-၀၉-၄၂၀၀၄၁၁၃၇** |
| **သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** | |
| **ဖုန်း-၀၉-၄၂၀၂၃၄၂၃၃** | |

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ်(၇၄/၅-က)အား ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးသိန်းမှ တူမအရင်းတော်စပ်သူ မရူပါမျိုးညွန့်အား (၉-၆-၂၀၂၂) ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်အရ အပြီးအပိုင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

သို့သော် ယခုအခါတွင် ဒေါ်အေးအေးသိန်းမှာ မျက်လုံးများမကောင်းတော့သည့်အပြင် ကျန်းမာရေးမှာလည်း အဘက်ဘက်မှ ချို့ယွင်းလာခဲ့ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်း၏ လုပ်ပိုင်ခွင့်အရပ်ရပ်အား တူမဖြစ်သူများဖြစ်ကြသော မရူပါမျိုးညွန့် [၁၂/မဘန(နိုင်)၁၄၀၆၅၅] နှင့် မဟန်စုခိုင် [၁၂/မဘန(နိုင်)၁၄၆၅၇၈]အား ထပ်မံအတည်ပြုလွှဲပြောင်းပေးအပ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မရူပါမျိုးညွန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၄၀၄၈)**
**အမှတ်(၇၂/၈၄)၊ကမ်းနားလမ်း၊ ထီးတန်း၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စ)၊ မြေကွက်အမှတ်-၄၁၅(က)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ (၂၀x၆၀)ပေ အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ အဖ ဦးလှမြင့်၏ သမီးများဖြစ်ကြသော ဒေါ်စန္ဒာမြင့် [၁၂/ဥကတ(နိုင်)၁၅၃၀၂၉]နှင့် ဒေါ်သန္တာမြင့် [၁၂/ဥကတ(နိုင်)၁၅၃၀၃၀]တို့ (၂)ဦး၏ အမည်ဖြင့် မှတ်သားထားရှိပါသည်။ အဆိုပါအမည်ပေါက်ပိုင်ရှင်(၂)ဦးတို့က ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီဝမ်းလှိုင်အောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၁၇)**
**တိုက်(၄)၊ အခန်း(၂၀၄)၊ ပုလဲမွန်အိမ်ရာ၊ (၆၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉၄၂၀၂၂၃၈၈၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဝါးနက်ကုန်းကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာ၊ အမှတ်(၅၄) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၈၅)ပေxအနံ(၄၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရှုပ်အရှင်းကင်းစွာဖြင့် ပိုင်ရှင်အဆက်ဆက်ထံမှ ဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသည်ဟု အဆိုပြုသူ ဒေါ်ယွန်းမီမီဦး (ဘ) ဦးဟန်ညွှန့် [၁၃/ကမန(ပြု)၀၀၁၀၀၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မူမူသက် (ဘ) ဦးသက်နိုင် [၇/ပခန(နိုင်)၀၅၄၂၅၆] က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နော်ဇာဇာဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၂၂)**
**အမှတ် (၄/၇၉)၊ ဦးချမ်းအေးလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၉၇၄၁၆၈၉၃၆၊ ၀၉-၇၇၈၄၀၅၉၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သောင်ကြီး(၁၃)၊ တကောင်းလမ်း၊ မြေကွက်အမှတ်-၁၅၂၁/ခ၊ ဧရိယာ (၂၀ ပေx ၆၀ ပေ)ရှိ ဦးသိန်းဟန် (B/RGN ၀၁၂၂၁၇)အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရေမီးအစုံ နှစ်ထပ်အဆောင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်ထွေးထွေးနု [၅/စကန(နိုင်)၃၀၆၆၄၄] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄) ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** | **ဒေါ်ဝင်းဇင်ဖြူ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၆၂၆၂)** | **(စဉ်-၅၅၈၁၉)** | **(စဉ်-၅၂၅၁၂)** |

**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၅၄၆၀၈၅၉၄**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၅/ရွှေပေါက်ကံ)၊ ဦးဖိုးကျားလမ်း၊ အမှတ်-(၄၄၅)၊ အကျယ်ပေ (၄၀x ၆၀)ရှိ ဦးစန်းမောင် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးအစုံပါ အခန်း(၁၆)ခန်းပါဝင်သည့် (၂)ထပ်လူနေအဆောင်အား အဆင့်ဆင့်အရပ်ကတိ စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးလေးမောင်[၁၄/ဒဒရ(နိုင်)၁၁၁၂၉၄] ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဆောင် [၁၃/တကန(နိုင်)၃၉၅၂၉၉] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမြင့်ဆောင်** | **ဒေါ်လှိုင်ဝင်းထွဋ် (LL.B,D.C.B.L)** |
| **[၁၃/တကန(နိုင်)၃၉၅၂၉၉]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၇၉)** |
| | **အမှတ်-၃၅(က)၊ ဗိုလ်အောင်ကျော်လမ်း၊** |
| | **(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၇၉၉၇၅၈၆၀၄** |

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၁-၂၀၂၄ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၃၁)မှ တရားလွှတ်တော်ရှေ့နေ ဒေါ်ပြည့်ပြည့်လှိုင်ထွန်း၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်းမှ ဝယ်ယူသူ ဦးသန်းလွင်အစား ဦးသန်းလင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ထက်ထက်နိုင် အိမ်ခြံမြေအကျိုးဆောင်

ဒဂုံ(၄)မြို့နယ်ရှိ မြေကွက်များကို လူကြီးမင်းတို့ စိတ်တိုင်းကျ ပေါက်ဈေးအမှန်ဖြင့် ဝယ်ပေး/ရောင်းပေးပါသည်။

**09-250017727 , 09-250903809**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၁၂-၂၀၂၄ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၃)မှ တရားလွှတ်တော်ရှေ့နေ ဒေါ်ထက်သူဇာလွင်၏ အများသိစေရန် ကြေညာခြင်းမှ မြေကွက်အမှတ် ၆၉၂(ခ) အစား ၁၉၂(ခ) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၀-၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၁)ဒေါ်သီတာခိုင်၏ဂရန်သစ်တွင်မှတ်ပုံတင်အမှတ်(၁၃/ကလန(နိုင်)၀၅၅၇၄၂)ဟု အမှန်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

(ဘ) ဦးရဲစံဖိုး၏ သား ဦးစောသိန်းဇံ [၈/ခမန(နိုင်)၁၁၀၂၄၆] ၏ သင်္ဘောသားလုပ်သက်စာအုပ် (ရန်-၉၈၇၄/၅၆) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-265577767**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ နီလာလမ်း၊ မြေကွက်အမှတ် (၂၂၉/ခ)၊ အိမ်အမှတ်(၂၂၉/ခ)၊ အကျယ်အဝန်း (အလျား၂၁ပေxအနံ၆၀ပေ) (၁၂၆၀)စတုရန်းပေရှိသော ဦးလှရှိန် [၁၂/မရက(နိုင်)၀၉၄၁၀၈] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်ပပဝင်း [၁၂/သကတ(နိုင်)၁၄၁၅၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း (LL.B,D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ ၄-လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း - ၀၉ -၄၂၀၀၃၁၃၅၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ် (၆၇၇)ဟုခေါ်တွင်သော ဦးသိန်းဝင်းအမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ မြေအကျယ်(၄၀ x ၆၀ )ပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးမျိုးအောင် [၇/ဝမန(နိုင်) ၁၅၁၄၈၇] မှ အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ထက် [၈/ရစက (နိုင်) ၁၅၆၈၆၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ -** | **ညွှန်ကြားချက်အရ -** |
| **ဦးဇော်ထက်** | **ဒေါ်ခင်သူဇာဝင်း (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)** |

**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန့်စင်ကျော် [၁၀/မလမ(နိုင်)၁၈၁၇၂၄] ၏ CDC-80062 စီဒီစီစာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-699302602**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြောက်၊ မြေကွက်အမှတ် (၁၆/က)၊ဧရိယာ (၇၀ ပေ x ၁၂၀ ပေ)၊ မြေကွက်တည်နေရာအမှတ်(၁၆/က)၊ လယ်ယာ(၂)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ဦးကျင်သိန်း[၁၂/သကတ(နိုင်)၀၇၁၃၅၄] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးကျင်သိန်း [၁၂/သကတ(နိုင်)၀၇၁၃၅၄] ဖခင်နှင့် ဒေါ်ညွှန့်တင်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးကျော်ဆန်းညွှန့်[၁၂/သကတ(နိုင်) ၀၇၂၀၁၃]၊ ဦးသောင်းညွှန့် [၁၂/သကတ(နိုင်)၀၀၀၁၁၆]၊ဦးဝင်းထွန်း[၁၂/သကတ(နိုင်)၀၀၀၁၁၇]၊ ဒေါ်မြင့်မြင့်သိန်း [၁၂/သကတ(နိုင်)၁၃၃၀၅၆]၊ ဒေါ်မြင့်မြင့်သန်း [၁၂/သကတ(နိုင်)၁၇၀၇၅၁]၊ ဒေါ်မြင့်မြင့်နိုင် [၁၂/သကတ(နိုင်)၁၇၀၉၂၅] တို့မှ ကွယ်လွန်သူ မိခင်နှင့် ဖခင်တို့တွင် မိမိတို့သားသမီး(၆)ဦးအား မွေးဖွားခဲ့ပါကြောင်း အခြားကိတ္တိမသားသမီးများကိုလည်း မွေးစားထားခဲ့ခြင်းမရှိပါကြောင်း မိဘ(၂)ပါးကွယ်လွန်ကြပြီးနောက်ပိုင်း ဖခင်အမည်ဖြင့် ကျန်ရစ်သော နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ မိမိတို့ကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အခြားသော အမွေဆက်ခံခွင့်ရှိသူ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်းနှင့် မိမိတို့သာလျှင် ပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးကျင်သိန်း(ဖခင်) နှင့် ဒေါ်ညွှန့်တင်(မိခင်)တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အားကစားမြှင့်တင်

## စိတ်လန်းရွှင်

## ဆန့်ကျင်

## မူးယစ်ဆေး

## နိုင်ငံပိုင် မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက်များအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် လက်ဝယ်ရှိ မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက် စုစုပေါင်း(၂၃)ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသော Lot No. တစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာ တစ်စောင်စီတင်သွင်းရမည်၊ သတ်မှတ်စပေါ်ငွေ P.O Cheque (Payment Order Cheque)အား တင်ဒါတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၁၂-၂၀၂၄ ရက်နေ့မှ ၂၀-၁၂-၂၀၂၄ ရက်နေ့အထိ

**နေရာ** - ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်) စပေါ်ငွေသွင်းရမည့် တန်ဖိုးကို အဆိုပြုလွှာဝယ်ယူသည့် အခါ တစ်ပါတည်း ဖော်ပြပေးပါမည်။

၄။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်**

**P.O Cheque တင်ပြရမည့်ရက်** - ၂၃-၁၂-၂၀၂၄၊ ၂၄-၁၂-၂၀၂၄၊ ၂၆-၁၂-၂၀၂၄

**တင်ဒါတင်သွင်းရမည့်ရက်** - ၂၇-၁၂-၂၀၂၄

- Lot No. (၁) မှ (၂၃) အထိ နံနက်(၁၀:၀၀)နာရီမှ စ၍ အစဉ်လိုက် လက်ခံပါမည်။

**နေရာ** - ရုံးအမှတ် (၃၂)၊ နေပြည်တော်

၅။ ဝယ်ယူလိုသည့် မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက်များအား ကြော်ငြာသည့်ရက်မှစ၍ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန် အဆိုပြုလွှာ တင်သွင်းသည့် အချိန်တွင်ဝယ်ယူမည့် မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက်များအား ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း ဝန်ခံချက်ဖြင့် ပူးတွဲတင်ပြရပါမည်။

၆။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း တယ်လီဖုန်းအမှတ် ၀၆၇-၃၀၆၃၃၉ နှင့် ၀၆၇-၃၀၆၁၃၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ website https://www.mopf.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မှတ်ချက်**။ ။ ၁၁-၁၁-၂၀၂၃ ရက်နှင့် ၁၂-၁၁-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာတို့တွင် တင်ဒါရောင်းချရန် ကြော်ငြာခဲ့ပြီး ၂၃-၁၁-၂၀၂၃ရက်တွင် ဆိုင်းငံ့ကြောင်း ကြော်ငြာခဲ့စဉ်က အဆိုပြုလွှာ ဝယ်ယူထားသူများသည် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်ရုံးအဖွဲ့ (ဖော်ပြပါဖုန်းများ)သို့ ဆက်သွယ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

| Lot No. | မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက် (အကျယ်အဝန်း) |
|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အနော်ရထာလမ်းနှင့် စည်ပင်သာယာလမ်းထောင့်၊ ဦးပိုင်အမှတ်(၅၂)ရှိ မြေ(၀ဒသမ၀၈၃)ဧကနှင့် အဆောက်အဦ |
| ၂ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ထွယ်ဆန်နယ်မြေ၊ ဦးပိုင်အမှတ် (၃၆၀/၁+၃၆၀/၃)ရှိ မြေ(၀ဒသမ၅၁၀)ဧကနှင့် အဆောက်အဦ |
| ၃ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အနော်ရထာလမ်း၊ ဦးပိုင်အမှတ် (၇+၁၀/၁)နှင့် ဦးပိုင်အမှတ်(၇+၁၀/၂)ရှိ မြေကွက်(၂)ကွက်တွဲ မြေ(၀ဒသမ၁၆၅)ဧကနှင့်အဆောက်အဦ |
| ၄ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့၊ ကန်တော်ရပ်ကွက်၊ မင်းလမ်း၊ အကွက်အမှတ်/ အမည် -TL(၁၀)၊ ဘိုးဘုံမြောက်ရပ်၊ ဦးပိုင်အမှတ်-ဠ/၂ ရှိ မြေ(၀ဒသမ၀၄၁)ဧကမြေကွက် |
| ၅ | ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ပြည်သာယာရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ကိုးသောင်းတိုးချဲ့(၂)၊ ဦးပိုင်အမှတ်(၁၉၇)ရှိ မြေ(၀ဒသမ၀၈၉)ဧကမြေကွက် |
| ၆ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ နယ်မြေ(၂၀)၊ မင်းကြီးညို(၆)လမ်း၊ မြေတိုင်းရပ်ကွက်(၇/၄)၊ မြေကွက်အမှတ်(၄၁၀/၄၁၂)ရှိ မြေ(၀ဒသမ၁၁)ဧကမြေကွက် |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ သိပ္ပံလမ်း၊ (၆၈x၆၉) လမ်းကြား၊ အကွက်အမှတ် (ခ-၁၀)၊ ဦးပိုင်အမှတ် (၁-က၊ ခ၊ ဃ၊ င၊ စ၊ ဇ၊ ဈ)၊ (၂-က၊ ခ၊ ဃ၊ င)၊ (၃-က၊ ခ၊ ဃ)၊ စုစုပေါင်းမြေ(၂ဒသမ၃၃၉၅)ဧကရှိ မြေကွက် |
| ၈ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီ (၇၃)လမ်း၊ (၂၉x၃၀)လမ်းကြား၊ အကွက်အမှတ်(၇၁၅)၊ ဦးပိုင်အမှတ်(၄၂၊ ၄၃၊ ၄၄)ရှိ မြေ(၀ဒသမ၀၉၃၇)ဧကနှင့် အဆောက်အဦ |
| ၉ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ချယ်ရီလမ်း၊ ဦးပိုင်အမှတ် (၁၀၃-ခ)၊ (၉၆-ဘီ)ရှိ မြေ(၀ဒသမ ၃၄၄) ဧကနှင့် အဆောက်အအုံ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁) ရပ်ကွက်၊ အောင်ရတနာလမ်း၊ (၆၇x၆၈)လမ်းကြား၊ သိပ္ပံလမ်းနှင့် မိုးသောက်ပန်းလမ်းကြား၊ အကွက်အမှတ်(မ-၂၄)၊ ဦးပိုင်အမှတ် (၁-ဟ)ရှိ မြေ(၀.၃၀၃၇)ဧကမြေကွက် |
| ၁၁ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁) ရပ်ကွက်၊ (၆၄x၆၅)လမ်းကြား၊ စံပယ်လမ်းနှင့် ခွာညိုလမ်းကြား၊ အမှတ်(ဏ-၆/၄၅)ရှိ မြေ(၀ဒသမ၀၅၅၁)ဧကနှင့်အဆောက်အဦ |
| ၁၂ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်၊ ဦးပိုင်အမှတ် (၂၇၈)၊ အကွက်အမှတ်(၁၂-ခ)၊ မေခလမ်း၊ အမှတ်(၂၆)ရှိ မြေ(၀ဒသမ၀၄၁)ဧကနှင့်အဆောက်အဦ |
| ၁၃ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲ၊ အမှတ်(၁/၆၀၅)၊ မြို့မ(၁)ရပ်ကွက်၊ ဘုရားလမ်း၊ ဦးပိုင်အမှတ်(၁၀/၂)ရှိ မြေ(၀ဒသမ၀၄)ဧကနှင့်အဆောက်အဦ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၆၁)၊ ရတနာမွန် အိမ်ရာ၊ ရတနာလမ်း၊ အလိုတော်ပြည့်ကျောင်းတိုက်အနီး၊ အိမ်အမှတ် (၆၁/ရတနာ ၁၁)ရှိ မြေ(၀ဒသမ၂၂၉)ဧကနှင့်အဆောက်အဦ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၁/ခ-၆)ရှိ မြေ(၀ဒသမ၁၇၃)ဧကနှင့်အဆောက်အဦ |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံရိပ်မွန်အိမ်ရာ၊ (Rose Part 3)၊ အမှတ်(၁၁၂ ဘီ ၃)ရှိ မြေ(၀ဒသမ၁၅၉)ဧကနှင့်အဆောက်အဦ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Lot. 19-A Jasmine Place မြေ (၀ဒသမ၁၇၂) ဧကနှင့် အဆောက်အဦ |
| ၁၈ | ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၈၀)၊ (၅၄'x၂၀')=(၁၀၈၀) စ/ပေရှိ မြေညီထပ်တိုက်ခန်း |
| ၁၉ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ စွယ်တော်ရပ်ကွက်၊ စွယ်တော်စီးတီးအိမ်ရာ၊ အဆောက်အဦအမှတ်(B)၊ အခန်းအမှတ်(၃၀၄)၊ (၁၂၆၀)စ/ပေရှိ တိုက်ခန်း |
| ၂၀ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံအိမ်ရာစီမံကိန်း၊ ခရေ(၈)လမ်းနှင့် ခရေ(၁၀)လမ်းထောင့်၊ အမှတ်(၁၁၈)ရှိ မြေ(၀ဒသမ၁၄၃)ဧကမြေကွက် |
| ၂၁ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ လွန်းကျိုင်းရွာ၊ လွန်းကျိုင်းကွင်း၊ ကွင်းအမှတ်(၂၃)ရှိ မြေ(၀ဒသမ၇၀)ဧကနှင့် အဆောက်အဦ |
| ၂၂ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ပါခုတ်နီရွာအနီး၊ ကွင်းအမှတ်(၁၆၇)၊ ဖောခိတစ်ထောင်ကွင်း၊ ဦးပိုင်အမှတ်(၂၂)ရှိ ဥယျာဉ်မြေ(၁၈ဒသမ၇၃)ဧကနှင့်အဆောက်အဦ |
| ၂၃ | ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ မိုးကောင်းရပ်၊ ညောင်ပင်ထောင်ရပ်ကွက်၊ ဈေးအနီး၊ ကွင်းအမှတ် (၂၇ လွယ်မယ် အနောက်)၊ ဦးပိုင်အမှတ်(၆/၁၀)၊ မြေကွက်အမှတ် (၂၂)ရှိ မြေ(၀ဒသမ၁၈၆)ဧကမြေကွက် |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၃၁)၊ မြေကွက်အမှတ်(၇၆၂)၊ (၄၀ ပေ x ၆၀ ပေ) အကျယ်ရှိ ဦးကျော်သန်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်မိုးမိုးအေး [၁၂/မရက(နိုင်)၀၀၅၀၃၅] တရားဝင်ရောင်းချသူထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နီလာအောင် [၉/မခန(နိုင်)၂၉၈၈၉၁] က ဝယ်ယူရန် (၂-၁၂-၂၀၂၄) ရက်နေ့တွင် စရန်ငွေပေးအပ်ဝယ်ယူထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤအကြောင်းကြားစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံဖြစ်စေ ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နီလာအောင်**
**[၉/မခန(နိုင်)၂၉၈၈၉၁]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးနွဲ့ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၇၅၂၆/၂၀-၂-၂၀၀၈)**
**၁၃၄/၇၊ မီးဒုံး(၃)လမ်း၊ (၂၉)ရပ်ကွက်၊**
**သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-09-428834386**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်

## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၄၂၅ နှင့် ဆက်နွယ်သည့်

## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၄

ဦးအောင်ဇော်ထွန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးရဲနိုင်ဝင်း) **(ဒီကရီအနိုင်ရသူ)**

နှင့်

၁။ ဦးမြအောင်ကျော်
၂။ ဦးမောင်ဝင်း
၃။ ဦးအောင်မြင့်
၄။ ဦးစိုးမင်းဟိန်း
၅။ ဒေါ်မြမြဝင်း
၆။ ဒေါ်မာရီထွန်း
၇။ ဦးဝင်းသိန်း
၈။ ဒေါ်ရွှေကြည်
၉။ ဒေါ်ခင်မူမူကျော်
**(တရားရုံးများ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ အမှတ်(၁၁၉၂)နေ (၁)တရားရုံး ဦးမြအောင်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သဘော်ာကျင်းရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၂၁၆)နေ (၂)တရားရုံး ဦးမောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇-အရှေ့)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၈/က)နေ (၃)တရားရုံး ဦးအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ်(၃၂၇)နေ (၄)တရားရုံး ဦးစိုးမင်းဟိန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၁၀၃)နေ (၅)တရားရုံး ဒေါ်မြမြဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၁၉၂)နေ (၆)တရားရုံး ဒေါ်မာရီထွန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၂၂)လမ်း၊ အမှတ်(၄၆)နေ (၇)တရားရုံး ဦးဝင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၁၉၂)နေ (၈)တရားရုံး ဒေါ်ရွှေကြည်၊ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ်(၂၈/၁) နေ (၉)တရားရုံး ဒေါ်ခင်မူမူကျော် (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၄၂၅ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်ဇော်ထွန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးရဲနိုင်ဝင်း)က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၅ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လူဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဇော်ဝင်း၏ သား စောပြည့်ဖြိုးမောင် [၁၄/မအပ (နိုင်)၂၉၂၀၀၆] ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၃၉၈၆၄၁၀**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် နေ အ.မ.က(၁၈) တောင်ဥက္ကလာပမှ ဆရာမ ဒေါ်ဥမ္မာလွင်[၁၂/ဥကတ(နိုင်)၀၆၇၁၉၅]၏ ဖခင်အမည်မှာ ဦးလွင် (ခ) ဦးမောင်မောင်လွင် (AB-၀၆၀၇၉၉) မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ဥမ္မာလွင်**

## အမှားပြင်ဆင်ချက်

(၂၉-၁၁-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာ (၂၇) တွင် ဦးသီဟ (တရားလွှတ်တော်ရှေ့နေ) ၏ "ဒေါ်မြင့်မြင့်ခိုင် [၁၂/မရက(နိုင်)၁၂၅၂၀၂] နှင့် ဦးကိုကိုလှိုင် [၁၂/မရက(နိုင်)၁၂၄၃၈၉] တို့ သိရှိစေရမည်။ ဒေါ်မြင့်မြင့်ခိုင်နှင့် ဦးကိုကိုလှိုင် ယခု နေရပ်လိပ်စာ မသိသူတို့ သိရှိစေရမည်။" ဆိုသော ကြော်ငြာခြင်းတွင် ရိုးမဘဏ်လီမိတက် (Time City) ဘဏ်ခွဲသို့ (၂၇-၁၂-၂၀၂၄) ရက်နေ့ အစား (၂၇-၁၁-၂၀၂၄) ရက်နေ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သာခု အိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ် (၀၀၂) (မြေညီထပ်)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးရာကွတ်(ခ) လှရွှေ[၁၂/သဃက(နိုင်) ၁၅၀၇၁၈] ထံမှ စာချုပ် အဆက်အစပ်ဖြင့် ပြန်လည်ဝယ်ယူထားပြီးဖြစ်၍ အမည်ပေါက် ပြောင်းလဲပြီး ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ထုတ်ယူခွင့်ပြုပါရန် ဦးကျော်လှိုင် [၁၂/လသန(နိုင်)၀၀၅၉၁၀] က လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှ စ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရွှေကိန္နရီ အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ် (၀၀၄) (မြေညီထပ်)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးကြည် MHA-၀၀၀၄၅၃၊ ဒေါ်စွမ် MHA- ၀၀၀၄၅၄ တို့ထံမှ စာချုပ်အဆက်အစပ်ဖြင့် ပြန်လည်ဝယ်ယူထားပြီးဖြစ်၍ အမည်ပေါက် ပြောင်းလဲပြီး ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ထုတ်ယူခွင့်ပြုပါရန် ဦးကျော်လှိုင် [၁၂/လသန(နိုင်)၀၀၅၉၁၀] က လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ယုဇနလမ်း၊ မြေကွက်အမှတ်(၁၅၆)ဟု ခေါ်တွင်သော ဒေါ်သန်းသန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၅x၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၁၅၅) နှင့် ကပ်လျက်အခြမ်း၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဒေါ်မိုးသီဒါ [၁၁/စတန(ဧည့်)၀၀၀၀၆၄]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ စ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၆၆)**
**အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-09-454153474**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၈၊မြေကွက်အမှတ်-၆၆ ၂၄၀၀စ/ပေ၊မြေကွက်တည်နေရာအမှတ်(၆၆)၊သုနန္ဒာ(၃)လမ်း၊(စ)ရပ်ကွက်၊ ဦးစိုးဟန်(၁၂/ဥကမ(နိုင်)၀၆၉၀၅၆)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်-ဦးစိုးဟန်(ခင်ပွန်း)သည်(၃၁-၁-၂၀၀၄)ရက်နေ့တွင်ကွယ်လွန်ခဲ့သဖြင့်၎င်း၏ဇနီးဖြစ်သူဒေါ်စိန်မေ(၁၂/ဥကမ(နိုင်)၀၆၈၆၈၇)မှတရားဝင်အမွေဆက်ခံခွင့်ရှိသည့်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်းကျမ်းကျိန်လွှာအမှတ်-၇၃၉/၂၀၂၄(၂၂-၇-၂၀၂၄)၊ထောက်ခံကျမ်းကျိန်(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်၊ဂရန်မူရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## "သွာနုတ္တသားသမီးအဖြစ် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးခင်မောင်သန်း [၁၃/တခလ(နိုင်)၀၁၉၀၀၆] နှင့် ဇနီး ဒေါ်ဖြူဖြူထွန်း [၁၃/တခလ(နိုင်)၀၂၇၀၇၃] (ကွယ်လွန်) တို့မှ မွေးဖွားသော သားသမီးအရင်းများဖြစ်ကြသည့် သမီးဖြစ်သူ မခင်မူယာထွန်း [၁၃/တခလ(နိုင်)၀၆၂၉၅၀] နှင့် သားဖြစ်သူ မောင်ရဲထွဋ် [၁၂/ဗဟန (နိုင်) ၀၉၉၀၂၉]တို့သည် မိဘစကားအား အကြိမ်ကြိမ်နားမထောင်ဘဲ မိဘအပေါ်ရိုင်းစိုင်းစွာပြုမူပြောဆို ခြင်းများပြုလုပ်ခဲ့ကြပါသဖြင့် ယနေ့မှစ၍ ၎င်းတို့ (၂)ဦးအား သွာနုတ္တ (သမာနုတ္တာ) သားသမီးများအဖြစ် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး ( LL.B,D.I.L,D.B.L,D.I.R )**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၃၃၂ )**
**အမှတ်-၁၉၅၉၊ ဖိုးရာဇာ (၃) လမ်း၊ (၄၃) ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၁၃၇၈၀၀၇**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သာကေတ၊ အမှတ်(၂၂)၊ သဒ္ဒါရုံ(၅)လမ်းနေ ဦးစန်းနု[K/RGN-၀၁၈၆၇၆]တို့၏ သမီး မရို့စ်မေရီ [၁၂/သကတ(ပြု)၀၀၁၁၂၅]သည် ဖခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ရာသက်ပန် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မရို့စ်မေရီနှင့်ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မရို့စ်မေရီနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစန်းနု[K/RGN-၀၁၈၆၇၆]**
**သာကေတမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁)ရပ်ကွက်၊ မြို့ဟောင်း (၂)လမ်း၊ အမှတ် (၆)ဟု ခေါ်တွင်သော [၁၉၆၃ ခုနှစ်၊ စာချုပ်အမှတ်(၁၆၇)] ၎င်းအနက်မှ ( အလျား x အနံ ) ( ၂၅ x၉၅ ) ပေရှိ မြေကွက်၊ လျှပ်စစ်မီတာ (ပါဝါမီတာ) တစ်လုံး၊ (အိမ်သုံးမီတာ) တစ်လုံး နှင့် ရေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူဖြစ်သော ဒေါ်ခင်ခင်အေး [၁၂/တတန(နိုင်)၁၁၄၃၃၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ် အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးငြိမ်းချမ်းကိုကို LL.B, D.B.L,D.I.L,**
**WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၉၇)**

**ဒေါ်ကေဇင်ဦး**
**(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၈၉)**

**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၀၃၅၀၂၇၊ ၀၉-၇၉၅၅၆၃၃၀၇**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၅၆-လမ်း၊ အမှတ်(၂၃/၂၅)နေ (အဖ)ဦးတင့်ဆွေ၏ သားဖြစ်သူ ဦးနန္ဒမိုးဟိန်း[၁၂/ဥကတ(နိုင်)၀၀၇၃၁၇] (ခေတ္တ-ကနေဒါ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးနန္ဒမိုးဟိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ငုဝါလမ်း၊ ချမ်းသာရွှေပြည်အိမ်ရာ၊ အမှတ် (၃၂/ဂျီ) တွင်နေထိုင်သူ ဒေါ်နန်းရင် (ဘ) ဦးစိုင်းစံညွှန့် [၁၃/လရန (နိုင်)၀၀၂၀၅၈]အား ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ဖိုးခေါင်လမ်း၊ အမှတ်(၂၄၂/၂) နေအိမ်အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၆၈၆/၂၀၂၃ ဖြင့် (၄-၇-၂၀၂၃) ရက်နေ့တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲပေးခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဒေါ်နန်းရင်အား လွှဲအပ်ပေးထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် စပ်လျဉ်းပြီး လုပ်ငန်းကိစ္စများ ပြီးဆုံးပြီဖြစ်၍ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်နေ့မှစ၍ ရုပ်သိမ်းပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးဝေဇင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၇၈၄)**
**ရုံးအမှတ်-၆၂၊ အခန်းအမှတ် (၁၁)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၁၀၄၆၁၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ်(၆၉၀)၊ ဘုမ္မာ(၃)လမ်း၊ အမှတ်(၆၉၀)ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေအမျိုးအစား ဒေါ်ရှမ်း [၁၂/ဥကမ(နိုင်)၀၆၀၈၈၁] အမည်ပေါက် အကျယ်အဝန်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ)မြေအနက်မှ ခြေရင်းဘက်အခြမ်း၊ အကျယ်အဝန်း (အလျား ၁၀ ပေ x အနံ ၆၀ ပေ) မြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဆက်စပ် စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁) ဒေါ်နွယ်နွယ်အေး၊ (၂) ဒေါ်နီနီအေး၊ (၃) ဦးမြင့်ကျော်၊ (၄) ဒေါ်အိအိခိုင် တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သူဇာငြိမ်းနွဲ့အောင် [၉/မထလ(နိုင်)၂၅၁၃၄၂] မှ အရောင်းအဝယ်အဖြစ် ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းအိမ်မြေနှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်လွင်မာဦး (LL.B)** | **ဒေါ်သဥ္ဇာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၁၁) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၆၂)**
**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၉၆၈၆၀၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၂၅၉)၊ မဟော်သဓာလမ်း၊ အမှတ်(၂၅၉) ဟုခေါ်တွင်သော နှစ်(၆၀) ဂရန်အမျိုးအစား ဒေါ်တင်တင်ဝေ [၁၂/မဂဒ(နိုင်)၀၅၀၁၃၇]အမည်ပေါက် အကျယ်အဝန်း (အလျား၄၀ပေx အနံ၆၀ပေ) မြေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်း)ဘက်အခြမ်း အကျယ်အဝန်း (အလျား၂၀ပေx အနံ၆၀ပေ) မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မြင့်ထွန်း [၉/ကပတ(နိုင်)၁၆၅၈၀၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်စန်း [၉/မခန(နိုင်)၀၆၃၃၂၆]မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းအိမ်မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်လွင်မာဦး (LL. B)** | **ဒေါ်သဥ္ဇာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၁၁) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၆၂)**
**အမှတ် (၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၂၅၉၆၈၆၀၈၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### ( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅ )

### သဃ်န်းကျွန်းမြို့နယ် တရားရုံးတော်

### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၅

ဒေါ်သန်းသန်းထွေး နှင့် မသော့
**( တရားလို )** **( တရားပြိုင် )**

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ်(က/၁၄)ရပ်နေ မသော့(ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

သင့်အပေါ်၌ တရားလိုက **ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် ။(၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၁၁ ရက် )နေ့ မွန်းမတည့်မီ (၁၁:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲနိုင်ထွန်း)**
**မြို့နယ်တရားသူကြီး**
**သဃ်န်းကျွန်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာ၊ ကွင်း/အကွက်အမှတ်နှင့်အမည်- ၆၇၂/အေ - ( ကျောင်းကုန်းမြောက် )၊ အောင်ချမ်းသာ(၄)ရပ်ကွက်၊ မြေကွက်အမှတ် (F ၃၉)၊ ဧရိယာ (၀.၀၅၅) ဧကရှိ အိမ်ရာမြေကွက်အား ဦးမျိုးအောင် (ဘ) ဦးအောင်ငြိမ်း၊ (၁၂/သလန(နိုင်)၀၅၈၀၆၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်ပေါ်တွင် အဆောက်အဦး ဆောက်လုပ်မည်ဖြစ်ပါ၍ အကျိုးသက်ဆိုင်ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက် အထားမူရင်းများ ယူဆောင်၍ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက တည်ဆောက်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ချို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉ - ၄၃၀၈၈၅၄၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ်-၁၁၊ ၇လွှာ(ခေါင်းရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ၁။ ဒေါ်ခင်စန်းနွဲ့ [၁၂/စခန(နိုင်)၀၅၅၀၆၂]၊ ၂။ ဒေါ်နှင်းနှင်းနိုင် [၁၂/စခန(နိုင်)၀၅၀၇၄၃]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ရီရီချို [၈/ပခက(နိုင်)၁၉၈၂၀၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B (စဉ်-၉၅၂၁/၂၀၁၃ ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B,D.B.L (စဉ်-၁၂၈၁၈/၂၀၁၇ ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းမပေါ်၊ ဗိုလ်မြတ်ထွန်းကွန်ဒိုမီနီယံ၊ (၁၁)လွှာ၊ $A_1$ (11-05) အခန်းကို လက်ဝယ်ရရှိပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသက်လွင်ဖြိုး [၁၄/ပသန(နိုင်)၁၇၆၉၇၉] နှင့် ဒေါ်အေးဝင်းမော် [၁၂/ပဇတ(နိုင်)၀၂၉၃၉၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဆွေ LL.B,DBL,DIL**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၁၁၅)**
**အမှတ် (၁၆၃)၊ ပထမထပ်၊ (၃၇) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က) ရပ်ကွက်၊ မေယုလမ်း၊ အမှတ် (၃၂၆)ဟုခေါ်တွင်သည့် (၆) ထပ်တိုက်ရှိ တတိယထပ် (၄လွှာ)တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ချမ်းမြငြိမ်း [၁၂/ဥကတ(နိုင်)၁၄၆၄၂၇]ထံမှ ကျွန်ုပ် ဒေါ်မှူးမျက်သွယ် [၁၄/ပသန(နိုင်)၂၅၂၀၈၃]သည် အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မှူးမျက်သွယ်**
**ဖုန်း- ၀၉-၂၅၀၄၉၇၉၈၅၊ ၀၉-၇၇၃၈၂၄၈၂၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ(၁၀)လမ်း၊ အမှတ်(၃၂၃က+ခ)ဟုခေါ်တွင်သည့် ၂ခန်းတွဲ (၆) ထပ်တိုက်ရှိ ပဉ္စမထပ်(၆လွှာ၊ ခေါင်းရင်းခြမ်း)တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်သီသီအေး [၁၂/အစန(နိုင်)၀၀၁၂၀၆] ထံမှ ကျွန်ုပ် ဒေါ်မှူးမျက်သွယ် [၁၄/ပသန(နိုင်)၂၅၂၀၈၃] သည် အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မှူးမျက်သွယ်**
**ဖုန်း- ၀၉-၂၅၀၄၉၇၉၈၅၊ ၀၉-၇၇၃၈၂၄၈၂၅**

## နှစ်(၅၀)ပြည့် "ရွှေရတုမင်္ဂလာ" ဆုတောင်းလွှာ

ရန်ကုန်မြို့၊ ဘောက်ထော်ပြည်သာယာနေ ဦးငွေထွန်း (ဝါဇီစက်ရုံ-ငြိမ်း) နှင့် ဒေါ်သက်သက် (BABY) တို့၏ (၇-၁၂-၂၀၂၄)ရက်နေ့တွင် ကျရောက်သော နှစ်(၅၀)ပြည့် မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ/ကိုယ်ကျန်းမာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ အေးချမ်းပျော်ရွှင်သောဘဝကို လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | |
|---|---|
| သမီး | - အိကေခိုင်ထွန်း (Mectrade Engg : Pte.Ltd.) |
| | - ကျော်ကျော်စိုး (Multistack Management Pte.Ltd.) |
| သား | - လင်းမောင်သက်ထွန်း (PEC Ltd.) |
| | - အေးမို့မို့ထွန်း (Power Engg; Pte.Ltd) |
| မြေး | - ရွှေဝတီ (a) WENDY, (Jurong Sec : School). |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၄) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သုံးထပ်ခွဲတိုက်၏ တိုက်ခန်းများထဲမှ ပထမထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (အလျား ၁၁ပေခွဲ x အနံ ၄၇ပေ)ရှိသော တိုက်ခန်းအား တရားဝင်လက်ရှိ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နမ့်စံပယ်ဖြူ [၁၄/ဝခမ(နိုင်)၂၆၆၄၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၁) ဦးသိန်းဇော် [၈/မသန(နိုင်)၁၀၃၀၈၅] နှင့် (၂) ဒေါ်သင်းသင်းလှိုင် [၁၂/ဥကမ(နိုင်)၂၃၈၄၀၅] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်မျိုးဝင်း (LL.B, LL.M) (International Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၉၇၆)**
**အမှတ် (၄၈)၊ မာန်ပြေ (၁၆) လမ်းအရှေ့၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - 09-259017207, 09 -751887820**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးတင်ချိုအောင်၏ သမီး မတင်မေဝင်း [၈/အလန(နိုင်)၁၉၇၀၇၀]၏ နိုင်ငံကူးလက်မှတ် အမှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်.

**ဖုန်း-၀၉-၄၂၁၀၉၈၆၄၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ မြေကွက်အမှတ်(၆၀၂/ခ)၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၆၀၂/ခ)၊ မြို့မ(၁)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်အေး (CM-၀၁၄၄၄၁) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်အေး(CM-၀၁၄၄၄၁)(ဖခင်)နှင့် ဒေါ်သန်းကြည်(မိခင်)တို့ အသီးသီး ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်အေးအေးမာ မိမိတစ်ဦးတည်းကိုသာ မွေးဖွား ထွန်းကားခဲ့ပါကြောင်း၊ အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အမွေစား/အမွေခံကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ ကွယ်လွန်သူမိဘများနှင့်မိမိသည်ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြသည့် အားလျော်စွာ အမည်ပေါက် (ဖခင်)နှင့် (မိခင်)တို့ အသီးသီး ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ တစ်ဦးတည်းသော သမီးဖြစ်သူ မိမိကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးတင်အေး(ဖခင်)၊ ဒေါ်သန်းကြည်(မိခင်)တို့၏ သေဆုံးမှုလက်မှတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁/ကံဘဲ့၊ မြေကွက်အမှတ် - ၃/၁၂၈ မြေအကျယ်အဝန်း (အလျား ၄၀' x အနံ ၅၇')၊ ဧရိယာ (၀. ၀၅၂)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ကျွန်ုပ်ဒေါ်ဖြူဖြူဝင်း (ဘ-ဦးတင်ဦး) [၁၂/စခန(နိုင်)၀၄၂၅၄၆] မှ အဆိုပါမြေကွက်အား သားငယ်ဖြစ်သူ ဦးထက်ဝင်းထွန်း [၁၂/စခန (နိုင်) ၀၆၃၀၉၅] ထံသို့ အဖိုးစားနား တစ်ပြားတစ်ချပ်မျှရယူခြင်းမပြုဘဲ မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဝင်း**
**[၁၂/စခန (နိုင်) ၀၄၂၅၄၆]**
**အမှတ်-၁၇၊ မြေနုလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၈၀၇၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/စိုက်မွေး- ၁၊ မြေကွက်အမှတ်-၄၇၊ မြေကွက်တည်နေရာအမှတ်-၄/၆/၄၊ ဘုရင့်နောင်လမ်း၊ စိုက်မွေး-၁-ရပ်ကွက်၊ ဒဂုံတောင် ဦးခင်မောင်သန်း[၁၂/လကန(နိုင်)၀၅၉၆၄၀] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား၊ ဂရန်အမည်ပေါက် ဦးခင်မောင်သန်း ဖခင်ဖြစ်သူသည်(၂၂-၁၁-၂၀၁၁)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်တင်ကြည်သည်(၂၉-၉-၂၀၁၁) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ သားသမီး(၅)ဦးအနက်မှ သားတစ်ဦးဖြစ်သူ ဦးသိန်းထွန်းအောင် သည်(၃-၇-၂၀၀၄)ရက်နေ့တွင် မိခင်ဖခင်တို့ထက်စော၍ လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ သားတစ်ဦးဖြစ်သူ ဦးလှမျိုးသည် (၂၇-၁-၂၀၂၄)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့်လည်းကောင်း ကွယ်လွန်ခဲ့ကြပြီး ကျန်ရစ်သူသားသမီး (၃)ဦး ဖြစ်သူ (၁) ဒေါ်ဥမ္မာဝင်း[၁၂/လကန(နိုင်)၀၅၉၆၃၉]၊ (၂) ဦးရဲမင်းအောင်[၁၂/လကန(နိုင်)၀၀၈၈၂၃]၊ (၃)ဦးအောင်နိုင်ထွေး [၁၂/ဒဂတ(နိုင်)၀၁၁၀၈၆]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ သားသမီးသော်လည်းကောင်း၊ ကိတ္တိမသားသမီးသော်လည်းကောင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ဖော်ပြပါမြေကွက်၏(ခြေရင်းဘက်ခြမ်း)(အလျား၄၀ပေx အနံ၁၂၀ပေ)နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့(၃)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၈/၅/၂၀၂၄ (၁-၈-၂၀၂၄)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ မိခင်ဖခင်သေစာရင်း၊ ဦးသိန်းထွန်းအောင် သေဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး ဦးသိန်းထွန်းအောင်၏ သေဆုံးမှုပုံစံ(၂၀၃)ထုတ်ပေးနိုင်ခြင်းမရှိပါကြောင်း ပြန်ကြားစာ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနထောက်ခံချက်၊ ဦးလှမျိုး သေစာရင်း၊ အိမ်ထောင်စုစာရင်း(၃)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(၃)စောင်၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်/အရောင်း(Portion) မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ တစ်ခြမ်းမြေကွက်ခြံကာထားပြီး တစ်ခြမ်း(၁)ထပ်သွပ်မိုး ပျဉ်ကာ(၁)လုံးရှိပြီး လျှောက်ထားသူများအနက် ဒေါ်ဥမ္မာဝင်း နေထိုင်ပြီး ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ဥမ္မာဝင်း+၂ တို့၏ ပိုင်ဆိုင်/အရောင်း(Portion) မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပွဲ



### ကုသိုလ်ပြုနိုင်ရေး နှိုးဆော်လွှာ

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် မေလခန့်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနား ဆောင်ရွက်မည် ဖြစ်ပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင်များမှ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ရွှေစင်ရွှေပြား (၁၀)လက်မပတ်လည် ရွှေ(၁)ကျပ်သား တစ်ချပ်လျှင် ကျပ်(၂၅)သိန်းဖြင့်လည်းကောင်း၊ ရွှေစင် ရွှေပြား(၁)ပေပတ်လည် ရွှေ(၆)ကျပ်သား တစ်ချပ်လျှင် ကျပ်(၁၅၀)သိန်းဖြင့်လည်းကောင်း လှူဒါန်းနိုင်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လကုန်အတွင်း လှူဒါန်းသော ရွှေစင်ရွှေပြားများအား ယခု ဆောင်ရွက်နေသည့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း အစီအစဉ်တွင် ထည့်သွင်းလှူဒါန်းမည်ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ဖုန်း - ၀၁၈ - ၃၇၅၇၆၇၊ ၀၁၈ - ၃၈၃၅၁၂၊ ၀၁၈ - ၃၈၃၅၀၂




### "အိမ်ခြံမြေ" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇော်မိုးထွေး [၁၂/ရကန(နိုင်)၀၁၁၁၉၀] သည် "ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၇)ရပ်ကွက်ခွဲ၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ ဗညားဒလလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇-ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၆၂၁)၊ အိမ်အမှတ်(၆၂၁)ဟုခေါ်တွင်သော အကျယ်(၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဦးအောင်သီဟ [၁၂/ရကန(နိုင်)၀၀၆၂၄၉] ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန္တာသိန်း (LL.B) (စဉ် - ၁၄၅၉၈) ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

### "ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ် (၆၃၂/ခ+၆၃၃/က)၊ မြေကွက်ဧရိယာ(ဧက) (၀.၀၅၅) ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အသဃ(၂၁)လမ်း၊ (၁၀)ရပ်ကွက်၊ အမှတ်(၆၃၃/က)ဟုခေါ်တွင်သော ဦးဇော်ဝင်းအမည်ဖြင့် မှတ်သားတည်ရှိသည့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ စတုတ္ထထပ်၊ (၅)လွှာ-အေ၊ အကျယ်အဝန်း (၁၈)ပေx(၅၄)ပေရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

အထက်ပါတိုက်ခန်းသည် ဦးဇော်ဝင်း [၁၂/ဥကတ(နိုင်)၀၈၂၄၀၉] ကိုင်ဆောင်ထားသူက တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အမွေဆိုင်၊ အပေါင်အနှံမှစ၍ အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် (၅-၁၂-၂၀၂၄) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်သန္တာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်စမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၉၀၂၂)**
**အမှတ်(၉/၁၁)၊ ၀၀၄-မြေညီထပ်၊ ၃၆-လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၀၂၃၅၆၆၈**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ လူနေရပ်ကွက်အမှတ်-ကမာရွတ်၊ မြေကွက်အမှတ်-၅/ဖ ၁၃၊ မြေအမျိုးအစား-Bလ/န ၃၉ ရပြီး ဧရိယာ(၀.၀၇၅၅)ဧက အကျယ်အဝန်းရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသူ ဦးစိုးမိုးနိုင် [၁၂/လမန(နိုင်)၁၂၂၇၈၈] နှင့် ဒေါ်တင်တင်အေး [၁၂/လမန(နိုင်)၀၄၅၃၀၇]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခင်သန်းသန်း [၁၂/လမန(နိုင်)၁၁၈၃၀၈] က စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းထွန်းသာ ဦးကျော်သန်း**
**အထက်တန်းရှေ့နေ (စဉ် - ၉၉၀၅) တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၀၅၆)**
**တိုက် (စီ/၁၁)၊ အခန်း (၉၀၆)၊ (၉-လွှာ)၊ မင်းဓမ္မဥယျာဉ်အိမ်ရာ၊**
**ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၂၅၁၃၀၃၈၊ ၀၉-၄၀၁၈၈၂၀၀၇၊ ၀၉-၇၃၁၂၄၀၇၄**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တာသုခလမ်း၊ အမှတ် (၁၁၆) ဟုခေါ်တွင်သော အလျား (ရှေ့မျက်နှာစာ) ၂၃'/၂၈' x အနံ ၉၆' ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အုပ်ညှပ် တစ်ထပ်တိုက်(၁)လုံး၊ အိမ်သုံးလျှပ်စစ်မီတာ(၁)လုံး၊ အဝီစိတွင်း၊ ရေစက်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးသည် အမွေဆိုင်ပစ္စည်းဖြစ်သောကြောင့် အမွေဆိုင်များဖြစ်သော ဒေါ်တင်တင်မြိုင်၊ ဒေါ်တင်တင်အေး၊ ဒေါ်စန်းဝင်း၊ ဒေါ်ဥမ္မာစိုး၊ ဦးယဉ်ဖိုလ်အောင်တို့၏ သဘောတူညီချက်အရ ကျန်အမွေဆိုင်များ ဖြစ်သူ ဒေါ်ဝါဝါငြိမ်း၊ ဦးလှငွေ၊ ဒေါ်ဌေးဌေးမြင့်တို့က တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုလျက် ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းတင့် (B.A (Law), LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၀၂၀)**
**အမှတ် - ၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၅၀၉၉၆၃၇**

### "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ထူပါရုံ)၊ ဇင်္ဂမလမ်း၊ အမှတ်(၇၃၄/က) ဟုခေါ်တွင်သည့် ဦးပန်းစိန် [၁၂/သကတ(နိုင်)၀၉၂၆၈၄]၊ ဒေါ်ခင်ထွေး [၁၂/သကတ(နိုင်)၀၃၈၁၉၇] တို့၏ အမည်ပေါက်ထွက်ရှိသော နှစ်(၆၀)မြေငှားစာချုပ်မြေကွက် (အလျား ၂၀ ပေ x အနံ ၆၀ ပေ) ရှိ မြေနှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ ဦးပန်းစိန် (ကွယ်လွန်)၏ ဇနီးဖြစ်သူ ဒေါ်ခင်ထွေးမှ အဆိုပါမြေနှင့်အိမ်ကို အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးဖြိုးမင်းအောင် [၁၂/မဂတ(ဧည့်)၀၀၀၂၅၄]၊ ဒေါ်အေးမိုးမို့ကို [၁၂/သကတ(နိုင်)၁၅၆၈၅၅] တို့မှ ဝယ်ယူရန် မြေနှင့်အိမ်၏ တန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၁၈၁၈၂၂**

### ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းလမ်း၊ တိုက်အမှတ်-၃၈၊ (မြေညီထပ်)၊ ခြေရင်းဘက်ခြမ်း၊ (၂၀ ပေ x ၆၀ ပေ) ရှိ ဦးစိုးမိုးငြိမ်းနှင့် ဒေါ်မဥ္ဇူနွယ် ပိုင်ဆိုင်သည့် တိုက်ခန်း အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါတိုက်ခန်းအား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးစိုးမိုးငြိမ်း [၁၂/အလန(နိုင်)၀၀၀၆၁၁] နှင့် ဒေါ်မဥ္ဇူနွယ် [၁၂/ကမတ(နိုင်)၀၂၅၆၉၀]တို့ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုင်ဌေး( LL.B, D.B.L, D.I.L ) ဒေါ်ခိုင်ဦးသူ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉) အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၄)**
**အမှတ်-၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၂၅၈၈၁**

### "Renu မျက်ကပ်မှန်ဆေးရည်နှင့် ပတ်သက်၍ ခွင့်ပြုချက်မရှိ အတုအပပြုလုပ်ရောင်းချခြင်း၊ နာမည်ဆင်တူယိုးမှား ပြုလုပ်သုံးစွဲရောင်းချခြင်းများအပေါ် အများသိစေရန် ထပ်မံအသိပေးကြေညာခြင်း"

**"Bausch & Lomb Co.,Ltd"** ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

**"Renu"** အမှတ်တံဆိပ်ဖြင့် Renu Multi Purpose Solution နှင့် Renu Rewetting Eye Drop ဆေးရည်များအား မြန်မာနိုင်ငံ၌ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူး ရောင်းချနိုင်ရန်အတွက် **"Eye World Trading Co.,Ltd"** အား လွှဲအပ်ထားပြီးဖြစ်ပါသည်။

အဆိုပါ **"Renu"** အမှတ်တံဆိပ်နှင့် ပတ်သက်၍ "ကြေးမုံသတင်းစာ" တွင် (၃-၃-၂၀၂၃) နေ့စွဲဖြင့် အများသိစေရန် ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ထို **"Renu"** အမှတ်တံဆိပ်ဖြင့် ကိုယ်စားလှယ်ပေးထားသော **Eye World Trading Co.,Ltd** ကုမ္ပဏီ၏ ခွင့်ပြုချက်မရှိဘဲ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခြင်း၊ အတုအပပြုလုပ်ရောင်းချခြင်း၊ နာမည်ဆင်တူယိုးမှား ပြုလုပ်သုံးစွဲရောင်းချခြင်း၊ လူမှုကွန်ရက်စာမျက်နှာများပေါ်နှင့် Online Market များပေါ်တွင် ကြော်ငြာပြီး ရောင်းချနေခြင်း အစရှိသည်တို့ ပြုလုပ်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကုမ္ပဏီ၏ နစ်နာမှုအရပ်ရပ်ကိုလည်း ပေးလျော်ရမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမြအေး (B.A, R.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၃၅)**
**အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၁၀၇၅၇၀၇**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံတာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်...**

**❖ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရရှိပြီး တိုင်းပြည်၏ ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ၆.၁၂.၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

Density 19.25 နှင့်အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာငွေကျပ် ၅,၃၃၀,၀၀၀ ဖြစ်သည်။

(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)

## ASEAN Cup ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲများ ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် စတင်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၆

၂၀၂၄ ခုနှစ် ASEAN Cup ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲများကို ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် စတင်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ငါးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ တီမော၊ အုပ်စု (B) တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာနှင့် လာအိုအသင်းတို့ ပါဝင်သည်။ အုပ်စုပွဲများကို ဒီဇင်ဘာ ၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုအဖွင့်ပွဲအဖြစ် ဒီဇင်ဘာ ၈ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကမ္ဘောဒီးယားအသင်းနှင့် မလေးရှားအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် တီမောအသင်းနှင့် ထိုင်းအသင်း၊ ဒီဇင်ဘာ ၉ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် **စာမျက်နှာ ၁၅ ကော်လံ ၅သို့** ❂

## မန္တလေးတိုင်းဒေသကြီး၌ ငွေကျပ် ၉ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁ သိန်းနှင့် ဘိန်းဖြူ ၄၄၀ ဂရမ် သိမ်းဆည်းရမိ



နေပြည်တော် ဒီဇင်ဘာ ၆

မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၉ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁ သိန်းနှင့် ဘိန်းဖြူ ၄၄၀ ဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ၁၀၁ လမ်းနှင့် မြို့ပတ်လမ်းထောင့်တွင် **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ❖

ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ဖူလ်ဟမ်အသင်းနဲ့ ဘုန်းမောက်အသင်းတို့ အိမ်ကွင်းနိုင်ပွဲအသီးသီးရရှိ




ဘုန်းမောက်အသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပရီမီယာလိဂ် ပွဲစဉ်(၁၄)ရဲ့ နောက်ဆုံးပွဲစဉ်နှစ်ပွဲဖြစ်တဲ့ ဖူလ်ဟမ်အသင်းနဲ့ ဘရိုက်တန်အသင်း၊ ဘုန်းမောက်အသင်းနဲ့ စပါးအသင်းတို့ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဖူလ်ဟမ်းအသင်းနဲ့ ဘုန်းမောက်အသင်းတို့ဟာ အိမ်ကွင်းနိုင်ပွဲအသီးသီးရရှိခဲ့ပါတယ်။

ဖူလ်ဟမ်အသင်းနဲ့ ဘရိုက်တန်အသင်းတို့ပွဲစဉ်မှာ ဖူလ်ဟမ်အသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ဖူလ်ဟမ်အသင်းအတွက် သွင်းဂိုးတွေကို အိုင်ဝိုဘီက ပထမပိုင်းပွဲကစားချိန် **စာမျက်နှာ ၁၉ ကော်လံ ၅ သို့** ■

**ယနေ့ ဖတ်စရာ**

**နေပြည်တော်ရေပန်းဥယျာဉ်ကို Royal Garden အဖြစ် အဆင့်မြှင့်တင်**

စာမျက်နှာ » ၁၄

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်**

စာမျက်နှာ » ၁၆

**မိုးပြဲမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၉